mgyoe.com
SAMPLE BOOK

# မြူးစပ်ပုံ့ညှိသာ ယာဝဇါ

## နှင်းဆီကြေးမုံ

မဂ္ဂဇင်းဝတ္ထုရှည်များ

mgyoe.com

mgyoe.com SAMPLE BOOK

ယခင် စုစည်းမှု စာအုပ်များတွင်
မပါဝင်သေးသော မဂ္ဂဇင်းဝတ္ထုရှည်များကို
စုစည်းထုတ်ဝေခြင်း

မဂ္ဂဇင်းဝတ္ထုရှည်များ

**စမ်းစမ်းနွဲ့ (သာယာဝတီ)**

နှင်းဆီကြေးမုံ၊ 7500/-
2542979032685

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဦးမင်းထက်ဟန်၊ တောင်ဇလပ်နီစာပေ (၀၂၇၇၄)

ပုံနှိပ်သူ

ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)

အမှတ် (၈)၊ အိမ်ကြီးလမ်း၊

ရေကျော်၊ ပုဇွန်တောင်။

မျက်နှာဖုံးပန်းချီ - မြင့်မောင်ကျော်

သရုပ်ဖော်ပုံများ

မောင်နိုး၊ မုတ်သုံ၊ မြင့်မောင်ကျော်

အတွင်းအပြင်အဆင် - ဝင်းဝင်းရွှေ (ပုံရိပ်ရှင်)

စာစစ် - ဇလပ်နီ    စာအုပ်ချုပ် - ဖူးပွင့်မွှေး

တန်ဖိုး - ၇၅၀၀ ကျပ်

၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် ပထမအကြိမ်အဖြစ်

အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေသည်။



mgyoe.com

mgyoe.com



SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com SAMPLE BOOK

# မာတိကာ


※ စမ်းစမ်းနှဲ့(သာယာဝတီ)၏
အမှတ်တရ ဘဝဖြစ်စဉ်များ ၆

※ ထုတ်ဝေသူ၏ ကျေးဇူးစကား ၉

၁။ အသည်းနှလုံး သေနေစဉ် အချစ် ရှင်လျက်ရှိ၏ ၁၀

၂။ ဂန္ထဝင်မမ၏ အလှဆုံးနေ့များ ၅၈

၃။ ဘဝစာမျက်နှာသစ် လေ့ကျင့်ခန်းတစ် ၇၂

၄။ ပန်းဆိုးတန်းမှာ ရှိနေမယ် ၉၆

၅။ ပိတောက်အလွမ်း ၁၁၆

၆။ ကိုယ် ဆိုတဲ့ သီချင်းကလေး မဆုံးခင် ၁၂၈

၇။ မလှရှာသူတယောက်အကြောင်း ၁၄၈

၈။ အစက်(ပ်)တော(လ်)တစ္ဆေ ၁၆၄


၉။ လေစိမ်းတွေ တိုက်နေတယ်
သဘောပေါက် ၁၈၈

၁၀။ ခုတော့ မောင့်ကို ကျေးဇူးတင် ၂၀၆

၁၁။ မှန်တာပြော သစ္စာ ၂၂၂

၁၂။ ငယ်ချစ်ဟောင်းနဲ့ နှစ်ပေါင်းနှစ်ဆယ် ၂၃၆

၁၃။ နှင်းဆီကြေးမုံ ၂၅၀

mgyoe.com

mgyoe.com

၁၉၄၅ - ဝင်းတင်(သာယာဝတီ)ကို ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်၊ အင်္ဂါနေ့တွင် သာယာဝတီမြို့၌ အဖကုန်သည် ဦးတင်မောင်၊ အမိ ဒေါ်ပုမိနှံတို့မှ မွေးဖွားခဲ့သည်။

၁၉၅၀-၁၉၅၈ - သာယာဝတီမြို့ ကွက်သစ်ခံပြအာလယ်တန်းကျောင်းတွင် မူလတန်းမှ သတ္တမတန်း အောင်သည်အထိ ပညာသင်ကြားခဲ့သည်။

၁၉၅၈-၁၉၆၁ - သာယာဝတီမြို့ အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပညာများ သင်ကြားရင်း ကဗျာများ စတင်ရေးသားခဲ့သည်။ တိုင်းရင်းမေဂျာနယ်၊ ကလေးဂျာနယ်၊ နေ့ရောင်ဂျာနယ်တို့တွင် ကဗျာများ ရေးသားခဲ့သည်။ တိုင်းရင်းမေဂျာနယ်တွင် ဖော်ပြခံခဲ့ရသော 'လေပြေ တိမ်ပြာ' ကဗျာမှာ ပထမဦးဆုံး ပုံနှိပ်စာမူ ဖြစ်သည်။

၁၉၆၀-၁၉၆၄ - ဗိုလ်တထောင်၊ ပြည်သူ့ဒိုးဝေ၊ နိုင်ငံသစ်၊ အမျိုးသားသတင်းစာတို့တွင် သာယာဝတီမြို့နယ် သတင်းထောက်အဖြစ် ဆောင်ရွက်ရင်း ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ မိုးဝေ၊ ရုပ်ရှင်ပဒေသာ၊ ရှုဒေါင့်ဂျာနယ်၊ တိုင်းရင်းမေဂျာနယ် တို့တွင် ကဗျာများ ရေးသားခဲ့သည်။

၁၉၆၂ - ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် ဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ သတင်းထောက်များ ရက်တိုသင်တန်းတွင် တဦးတည်းသော အမျိုးသမီး သတင်းထောက်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၆၄ - သလ္လာမြေယုလွင်၊ ဝေမင်းနိုင်၊ သလ္လာမြေစောသူ၊ ဇော်ခင်းသန့်တို့နှင့် တွဲ၍ 'ညီအစ်ကိုမောင်နှမ ကဗျာဝိုင်း' အမည်ရှိ ကဗျာစာအုပ်အား ထုတ်ဝေခဲ့သည်။

၁၉၆၅ - စာရေးဆရာမွန်းညွန့်ဦးနှင့် အိမ်ထောင်ပြုသည်။

၁၉၆၅-၁၉၆၉ - ကြို့ပင်ကောက်မြို့တွင် ကုန်သွယ်ရေးဆိုင်ထိုင်အဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၇၄ - ပထမဦးဆုံး လုံးချင်းဝတ္ထု 'မြမရှား စိန်မရှား အလွန်ပင်များပါရဲ့' ကို ရေးသား ထုတ်ဝေခဲ့သည်။

၁၉၇၅-၁၉၈၇ - လုံးချင်းဝတ္ထုများ၊ နှစ်ယောက်တွဲလုံးချင်းများ ထုတ်ဝေခဲ့သည်။

၁၉၈၀-၁၉၉၀ - မဂ္ဂဇင်းဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ကဗျာများ စာနယ်ဇင်းများတွင် ရေးသား ခဲ့သည်။

၁၉၈၂ - ဒေါက်ထီးကလေး မလုံ့တလုံ ဝတ္ထုအား ဂျပန်ဘာသာသို့ ပြန်ဆိုခြင်း ခံခဲ့ရသည်။

၁၉၈၈ - အိမ်မက်ဖူးမဂ္ဂဇင်း၏ စာတည်းချုပ်နှင့် ဂီတပဒေသာမဂ္ဂဇင်း၏ စီစဉ်ဆောင် ရွက်မှု အယ်ဒီတာအဖြစ် လုပ်ဆောင်ခဲ့သည်။

၁၉၈၈ - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တက်သိပညာရှင် ဗဟိုအဖွဲ့ဝင်နှင့် ပဲခူးတိုင်း စည်းရုံးရေးမှူးအဖြစ် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက်ခဲ့သည်။

၁၉၈၈ - Pen Canada မှချီးမြှင့်သော Press Freedom Award ဆု ရရှိခဲ့သည်။

၁၉၈၉ - 'ကမ်းမမြင် လမ်းမမြင်' မဂ္ဂဇင်းဝတ္ထုတိုအား မောင်သာရဝတ္ထုတိုဆု ချီးမြှင့်ခြင်း ခံခဲ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၈၉-၁၉၉၀ - ပုဒ်မ ၁၀(က) ဖြင့် အင်းစိန်အကျဉ်းထောင် မ/ကျတိုက်တွင် (၁၀)လ အကျဉ်းချခံခဲ့ရသည်။

၁၉၉၄-၂၀၀၀ - ပုဒ်မ ၅(ဇ)၊ ပုဒ်မ ၁၇(၁) တို့ဖြင့် အင်းစိန်အကျဉ်းထောင် မ/ကျတိုက်တွင် (၁၀)နှစ် အကျဉ်းချခံခဲ့ရသည်။

၁၉၉၉ - ပြင်သစ်အခြေစိုက် နယ်စည်းမထား သတင်းထောက်များအသင်းမှ သတင်းလွတ်လပ်ခွင့်ဆုနှင့် World Association of Newspaper မှ Golden Pen of Freedom ဆုများ ချီးမြှင့်ခဲ့သည်။


၂၀၀၀ - အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့မှ ချီးမြှင့်သော 'လူ့အခွင့်အရေး' ဆု ရရှိခဲ့သည်။

၂၀၀၁ - အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်။

၂၀၀၃ - မြရည်သီတာမဂ္ဂဇင်းတွင် 'စွန့်ပစ်ပန်းသည်' အမည်ရှိ မဂ္ဂဇင်းဝတ္ထုဖြင့် စာပေ ပြန်လည်ရေးသားခဲ့ပြီး ယခုအချိန်အထိ ဝတ္ထုတို ဝတ္ထုရှည်များ၊ ဆောင်းပါးများ ရေးသားလျက် ရှိသည်။

## စမ်းစမ်းနွဲ့ (သာယာဝတီ) ၏

# အမှတ်တရ ဘဝဖြစ်စဉ်များ



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ကျေးဇူးစကား

ကမ္ဘာ့ကပ်ဆိုးကြားမှပင် ကိုယ်စိတ် တက်ကြွလန်းဆန်းခဲ့သော၊ အိပ်မက်များကို ထုဆစ်ခွင့်၊ မိမိကြိုးစားအားထုတ်မှုနှင့် အချိုးကျ ခံစားခွင့်၊ သာတူညီမျှ လွတ်လပ်ခွင့်၊ စသည့် စသည့်များ ရှိခဲ့သော ကာလတခု...။

အဲဒီစဉ်က ဆရာမကြီး၏ ၇၅-နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော ရွက်လွှင့်ရေဆန်-၇၅ စာအုပ်တွင် 'အိပ်မက်ရှုမျှော်ခင်း' ဟူ၍ ခံစားမှုကလေး ဖွဲ့သီဖြစ်ခဲ့၏။

ယခုအချိန်တွင်တော့ ကျေးဇူးစကား တိုတိုဖြင့်သာ မှတ်တမ်းပြုပါရစေ။

၂၀၂၁။ ဆရာမကြီး၏ ၇၆-နှစ်ပြည့် မွေးနေ့အတွက် အစီအစဉ်များ ရည်ရွယ်ချက်များ အားလုံးပျက်ပြယ်ခဲ့ရသည်။

အခု ဆရာမကြီး၏ ၇၇-နှစ်ပြည့်တွင်တော့ စာအုပ်တအုပ် ဖြစ်အောင် စီစဉ်ခဲ့ပါသည်။

ဒီစာအုပ်လေး ဖြစ်မြောက်ရေးအတွက် စာမူများကို ခက်ခက်ခဲခဲ စုစည်းပေးသော မမြတ်လေးမောင်၊ မိတ္တူကူးရာမှာ ပျက်ပြယ်မထင်ရှားသော ကဗျာကို ရှာဖွေပေးသော မအေးအေးမာ၊ မျက်နှာဖုံးကို အကောင်းဆုံးဖြစ်အောင် ရေးဆွဲပေးခဲ့ပြီး ယခုကာလတွင် ပုံနှိပ်မှုဆိုင်ရာ၊ ဖြန့်ချိရာမှာ အခက်အခဲ ဖြစ်သည်မို့ အကြိမ်ကြိမ် ပြန်လည်ရေးဆွဲပေးပါသော ဆရာမြင့်မောင်ကျော်၊ ဇလပ်နီကို အမြဲကူညီပေးပါသော ပုံရိပ်ရှင် မိသားစုနှင့် ခက်ခဲကြပ်တည်း ပါးလျနေသည့်ကြားမှ အားပေးကြသော စာဖတ်သူများကို နှစ်နှစ်ကာကာ မှတ်မှတ်ရရ ကျေးဇူးတင်ရှိပါကြောင်း ကမ္ပည်းတင်အပ်ပါသည်။

*'မယ်တော်သည် လောကတွင် မိုက်သောသားကို သနားပြီး လိမ္မာသော သားကို အားကိုး၏'* ဆိုသကဲ့သို့ အရိုင်းဆန်တတ်သော ကျွန်တော့်ကို သားရင်းပမာ သနားချစ်ခင်ပါသော ဆရာမကြီး စမ်းစမ်းနွဲ့ (သာယာဝတီ) ကို ကျေးဇူးစကား အထူးဆိုဖွယ်ရာ မရှိခဲ့ပါပြီ။

အားလုံး ကိုယ်စိတ်နှလုံး လုံခြုံအေးချမ်းကြပါစေ။

**မင်းထက်ဟန်**

**ဇလပ်နီစာပေ**

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

(၁)

ဟုတ်ပါပြီ။ သူမှသူ။

မျက်လုံးတကြည့်၊ နှုတ်ခမ်းတလှုပ်၊ အပြုံးတစကို မြင်ရုံမျှနှင့် သူမှ သူပါပဲဟု အတပ်သိလိုက်သည်။

မှတ်မိလွယ်သည့် အသွင်အလျာ။ သံယောဇဉ် မကုန်နိုင်သေး



mgyoe.com

mgyoe.com SAMPLE BOOK
ပါကလားဟု စိတ်ထဲက ဝန်ခံရင်း ဆရာ ကိုလွမ်းဝေသည် အလွမ်းဖြင့် ဝေစပြုလေ၏။

နဖူးပြင်ပေါ် လိပ်ခွေဝဲကျနေသော ဆံနွယ်စတို့ကို ညာလက်ဖြင့် သိမ်းမကာ ခေါင်းကို ဆတ်ခနဲ မော့၍ နော့တော့တော့ ပြုံးတတ်သည့် ခင့် ကိုယ်ပိုင်ဟန်မှာ ခုထိ စွဲမက်ဖွယ် ရှိဆဲပါကလား။ ခင့်ရယ်သံသည် ဟိုတုန်းကလိုပင် စီစီလွင်ဆဲပါကလား။

စျေးတန်းအနီးတဝိုက်မှ မျက်လုံးပေါင်းစုံတို့ ခင့်အပေါ် ဝိုင်းအုံစူးစမ်းကြသည်ကို သတိထားမိသည်။ ဒါကလည်း အဆန်းတော့ မဟုတ်။ ရယ်သံလွင်လွင်မြည်သော၊ အန္တဲ့အယိမ်း အလှုပ်အခါ မူရာစုံတတ်သော ခင့်ကို ရောက်လေရာအရပ်မှာ လူတကာက လည်ပြန် လှည့်ကြည့်ရစမြဲ။

"ထိုင်း စီဗစ်က ဘာဖြစ်လို့ နှစ်ကျပ်တောင် စျေးတက်သွားရတာလဲ"

တဆိုင်ကျော်မှ ကြားရသော ခင့်အသံသည် ချိုမြသည် မှန်သော်လည်း သည့်ထက်တော့ တိုးညင်းညင်သာ ရှိစေချင်ဘိသည်။ သို့သော် ခင်ဝင့်ဝါ ဆိုသည့် မိန်းကလေးက အသိမ်းအဆည်း အထိန်းအကွပ် မရှိတတ်။ လွတ်လပ် ပွင့်လင်းသူတည်း။ တခါတုန်းကတော့ အဲသည် လွတ်လပ် ပွင့်လင်းတတ်သော ခင့်စရိုက်ကလေးကိုပဲ ချစ်ဖွယ်ကောင်းလှချည့်ရဲ့ဟု တသသ မြှောက်စားခဲ့ဖူးသည်။

ပွင့်လင်းလိုက်သည့် အမျိုးကတော့ ဟော... ကြည့် ကြည့်။

သိသာသိစေ မမြင်စေသင့်သော ကိစ္စ။ အိမ်ထောင်သည်များပင်လျှင် လျှို့ဝှက်သိုသိပ်စွာ ကိုင်ဆောင်သုံးစွဲကြရသော ပဋိသန္ဓေ တားဆေးကတ်ပြားကလေး သုံးလေးခုကို လူပုံအလယ်မှာ ပေါ်တင်ကြီး ကိုင်လျက်ရှိသည်။

ဆရာလွမ်းဝေရင်ထဲမှာ ဒိန်းခနဲ သွေးတချက် ဆောင့်ခုန်သွားလေသည်။

ဘယ်လိုလဲ ခင်။

တရားဝင် မဟုတ်သော်လည်း တယောက်နှင့် တယောက် ပြတ်ပြတ်စဲစဲ နေခဲ့ကြသည်မှာ နှစ်နှစ်ကျော်ခဲ့ပြီ။ ပတ်သက်ခဲ့ကြတုန်းကတော့ သည်ဆေးပြားတွေကို ခင့်လက်ကိုင်အိတ်ထဲမှာ အမြဲတွေ့နေရသည်ကိုပဲ စိတ်ထဲက ကျေနပ်သလို ရှိခဲ့သည်။


mgyoe.com

mgyoe.com

ခုကျမှ ဆံတပင်တင်းသည့် ဝေဒနာမှာ နေသာခံခက်ကြီးပါကလားဟု ခံစားရလေသည်။

"ဘယ်နနှစ်သားလဲ ဆရာ"

ဟု ဈေးသည်က မေးသည်ကို ကြားလိုက်သလို ရှိသော်လည်း မဖြေမိ။ ပါကစ္စတန်အထည်များဟု ခေါ်ကြသော အနွေးထည် အဟောင်းပုံကြီးကို အဓိပ္ပာယ်မရှိဘဲ ဖွနေမိသည်။

ကြားထဲက ပလတ်စတစ်ပန်းကန်ခွက်ယောက်ဆိုင်မှာ လူရှင်းသလောက် ရှိသွား၍ ခင့်ကို ပိုပြီး သဲသဲကွဲကွဲ တွေ့ရသည်။

နိုင်လွန်မျက်တောင်တုနှင့် အဖျားချွန်ကော့သော နှာတံ၊ ထောင့်စွန်းများ ပျံတက်မတတ် ရှင်နေသော နှုတ်ခမ်းအလှတို့ကို ဘေးတိုက်မြင်ရပုံမှာ ကာရန်ညီညွတ်သော ကဗျာတပုဒ်လိုပါပဲဟု စာရေးဆရာက ကဗျာဆန်စွာ တွေးကြည့်နေလေသည်။

"သွားစို့ကွယ်"

ခင့်အသံနွဲ့နွဲ့က ကဗျာဆန်နေသော စာရေးဆရာကို အထိတ်တလန့် ဖြစ်စေသည်။

သွားစို့ကွယ်တဲ့။ ဘယ်သူ့ကိုလဲ၊ ဘယ်သူလဲ။

မှောင်ခိုဆေးဆိုင်ရှေ့ရှိ လူစုထဲမှ တိုးထွက်လာသူကို ခင်က လက်ကမ်းကြိုနှင့်သည်။

"ဆာပြီ အမောင်ရယ်"

အံ့မယ် ရဲလွင်။ ကြည့်စမ်း၊ ရဲလွင်ပါကလား။

ထောင်းခနဲ ဒေါသခြောင်းခြောင်း ထွက်သော်လည်း ရုတ်ခြည်း ခေါင်းငုံ့ပစ်လိုက်မိလေသည်။ လိပ်ပြာငယ်သည့်အဖြစ်က ဒေါသကို တမုဟုတ်ချင်း တွန်းထုတ်ပစ်နိုင်စွမ်းသည်။ နဖူးဆံစပ်မှသည် ခြေဖျားထိတိုင် မည်သို့ လုံခြုံစွာ ဖုံးကွယ်နိုင်ပါမည်နည်းဟု အပူတပြင်း တောင့်တမိသည်။ အသွေးအသားထဲကပါ တနုံ့နုံ့နဲ့ သိမ်ငယ်နေလေသည်။

ကိုလွှမ်းဝေသည် ဒူးနှစ်လုံးကြားထဲ ခေါင်းမြုပ်မတတ် တအားငုံ့ထားရင်း ခင်နှင့် ရဲလွင်တို့ မိမိနောက်ပါးမှ အမြန်ဆုံး ကျော်ဖြတ်သွားပါစေဟု ကျိတ်ဆုတောင်းလိုက်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

မိမိ၏ ညှိုးငယ်သည့် ဘဝ ကျဆင်းစပြုသည့် အဖြစ်ကို သင်းတို့ စိုးစဉ်းမျှ အရိပ်စား မခံနိုင်။

တိုက်ဆိုင်ချင်တော့ အဝတ်ဟောင်းဆိုင်မှာ မွှေမိပါမှ သင်းတို့နှင့် တည့်တည့်တိုးဖြစ်သည်။ ကျောင်းတွေဖွင့်စ မိုးဖြိုင်ဖြိုင်ရွာသော ကာလမို့ ကလေးအငယ်ကောင်တွေအတွက် အနွေးထည် လာရှာမိသည်။ အသစ် စက်စက် ဂျာကင်တွေ၊ ဆွယ်တာတွေနား မကပ်နိုင်လေရာ အသစ်နီးပါး ခပ်လတ်လတ် အထည်များ တွေ့ရတတ်သော ပါကစ္စတန်အဟောင်းပုံကိုပဲ ဖွရလေသည်။

သေမည့်နှစ်မှ စစ်ထဲ လိုက်မိသည့် အဖြစ်မျိုး။

ရော... ခက်ကပြီ။

အနားမှာ လာရပ်နေသည် ထင်၏။ ဒူးပေါ်မှ မျက်လုံး စွေကြည့် လိုက်ရာ နှစ်လက်မ ဒေါက်တပ် ခွာမြင့်ဖိနပ်ပေါ်မှာ ကော့ပျံ့နေသော ကြေးနီရောင် ခြေသည်းချွန်ချွန်ကလေးများကို တွေ့ရသည်။

"ငွေချည်ပါတဲ့ အင်္ကျီ ရှိမလား၊ ကြည့်စမ်း အမောင်။ အဲဒါမျိုးက ဖျက်ပြီး လက်ကိုင်အိတ်ထိုးလို့ သိပ်လှတယ်။ ခဏ ရှာရအောင်ကွယ်"

ပခုံးစွန်းကို လာ၍ ပွတ်တိုက်နေသော ထဘီသားအိအိ အတွေ့ကို မွန်းကျပ်စွာ ခံစားရသည်။ ကိုလွမ်းဝေသော တဖက်ကို မတိမ်းငဲ့မိဘူး ဆိုလျှင် ပါးတခြမ်းပါ ထဘီစာ မိဖွယ်ရှိလေသည်။ မတော်တဆပေမဲ့ မထိတရိ အစော်ကားခံရသလိုပါပဲ။ စိတ်ထဲမှာ တနုံ့နုံ့ ဖြစ်လာသည့် ရှက်ဒေါသကို ကြိတ်မှိတ်ထားရသည်။

"လာစမ်းပါဗျာ မဝါကလဲ၊ အဝတ်ဟောင်းဆိုင်ရှေ့ကြီးမှာ၊ တော်ပြီ အချိန်မရှိတော့ဘူး၊ ချစ်စိန်ကို သွားမယ်"

ခြေထောက် အရှေ့မှာ ဝေ့ခနဲ လျှောလွန့်သွားသော ထဘီက ပခုံး စွန်းကို ထိခတ်ရုံမက ရှေ့ဖုံးစဖြင့် ချိတ်ငြိသွားလိုက်ချေသေးသည်။ ဒါကတော့ မတော်တဆလည်း ဖြစ်နိုင်သည်။ တမင်တကာလည်း ဟုတ်တန်ရာသည်။

သည်မိန်းမငယ်က အထာကို မသိလျှင် ခက်ချိမ့်မည်။ အမြဲတမ်း ပြဿနာ တခုခုကို အစထောင်ပေးရမှ နေပျော်ကျေနပ်ချင်သူ။ မထိတထိ 'ရိ' လိုက်ရမှ။


mgyoe.com

mgyoe.com SAMPLE BOOK

ကိုလွှမ်းဝေက အဝတ်ဟောင်းဆိုင်ရှေ့မှ ထထွက်လိုက်လေသည်။

"အစ်ကိုကြီး ရှာမတွေ့ဘူးလား။ ကလေး ဘယ်အရွယ်ဝတ်လဲ"

ဟု လှမ်းမေးသော ဆိုင်ရှင်ကို လက်ခါပြခဲ့သည်။

ဖရေဇာလမ်းပေါ် ရောက်လာသောအခါ ဘယ်ဘက်ကို ချိုးထွက်ရမည် မသိ။ ဦးတည်ချက်မရှိသော ခြေထောက်များကို အာမေနီယံ သင်္ချိုင်းဟောင်း မြက်ခင်းကွက်လပ်ဆီသို့ တရွှေ့ရွှေ့ သယ်လာခဲ့သည်။

ချစ်စိန်ဒံပေါက် ဟူသော ဆိုင်းဘုတ်စာတန်းကို အမှတ်မထင် ဖတ်မိသော် ရုတ်ခြည်း မျက်နှာလွှဲခဲ့၏။

မရွှေခင်တို့ ဒံပေါက်ဆိုင်မှာ စီစီညံရောမည်။ ပြီးလျှင် ဖရေဇာထိပ် ဆူးလေဘုရားလမ်းဘက်မှ ကျောက်ကျောဆိုင်သို့ နေရာရွှေ့ကြပေလိမ့်မည်။

ကိုယ့်မှာတော့ ကလေးတွေအတွက် အနွေးထည်ကို အဝတ်ဟောင်း ဆိုင်မှာ မွှေနှောက် ရှာဖွေနေရသည့် အဖြစ်ပါကလား။

လိပ်ပြာ သိမ်ငယ်ခြင်း၊ ခံပြင်းခြင်း၊ ညှိုးချုံးအားလျော့ခြင်းများဖြင့် ခြေထောက်များကို လေးလံပင်ပန်းစွာ သယ်ပိုးရင်း မြက်ခင်းကွက်လပ်ထဲ ဝင်လာခဲ့သည်။ ထိုင်နေကျ ရေကန်အုတ်ဘောင်ပေါ်မှာ နေရာဦးသူတွေ ပြည့်လျက်ရှိပြီ။ ကိုလွှမ်းဝေက ပိုက်ဆံများ ရေတွက်နေသော လက်ပွေ့ ဈေးသည်ကလေး နှစ်ယောက်ကြားမှာ တိုးဝှေ့ဝင်ထိုင်လိုက်သည်။

ပြီး သတိတရ ရှပ်အင်္ကျီအိတ်ကပ်ထဲမှ အစိတ်တန်နှစ်ရွက်ကို လက်ဖြင့် စမ်းကြည့်မိသည်။ ငွေစက္ကူအသစ်ကျပ်ချွတ်၏ မာတောင့်တောင့် အတွေ့ကို စိတ်ချသွားကာ နေရင်းထိုင်ရင်း ခါးပိုက်နှိုက်စာမိမှာ စိုးရိမ်သေး၏။ သို့သော် ဝဲယာတဖက်တချက်က ကောင်ကလေးနှစ်ယောက်မှာ တယောက်လျှင် အစိတ်ထက် ပိုမည်မဟုတ်သော သူတို့၏ ရောင်းရငွေကလေးများကို ရေတွက် သိမ်းဆည်းရင်း ဗန်းထဲမှ ပရုတ်လုံး၊ တွယ်ချိတ် စသော တိုလီမိုလီပစ္စည်းများကို နေရာပြုပြင်နေကြလေသည်။ ချွေးနဲ့စာတွေပါကလားဟု ဘဝတူချင်း ယုံကြည်စ ပြုသည်။

ဟိုတုန်းကတော့ ချွေးနဲ့စာကို ချွေးနဲ့စာဟု မထင်ခဲ့။ စာရေး၍ ရသော ဝင်ငွေမှာ သုံးချင်တိုင်း သုံးရုံမက ဖောဖောသီသီ ဖြုန်းလို့ပင် ကုန်တယ် ခန်းတယ် မမှတ်ခဲ့။ ဝန်ထမ်းလစာ ရှစ်ရာခန့်မှာ ကလေး လေးယောက် အပါ


mgyoe.com

mgyoe.com SAMPLE BOOK

အဝင် မိသားစုခြောက်ဦး၏ စားဝတ်နေရေးကို ပုံမှန်လောက်တော့ လည်ပတ်နိုင်လေရာ စာရေးဆရာဘဝ လွမ်းဝေတို့ မိုးကောင်းစဉ်က ငွေကို ငွေလို့ မမှတ်ခဲ့သည်မှာ အဆန်းတကြယ် မဟုတ်ပြီ။

လုံးချင်းလောက ခေတ်ထသော ၁၉၇၀ တဝိုက်မှာ ဆိုလျှင် လွမ်းဝေတို့ စောင်ရေမှာ အရောင်းရဆုံး ကလောင်စာရင်းတွင် ထည့်သွင်းပြရသည်အထိ။

မရည်ရွယ်ဘဲ တက်ခဲ့သလို မမျှော်လင့်ဘဲ ကျတတ်သော ဘဝ။

မိုးထိအောင် တက်ခဲ့တုန်းကလည်း စင်စစ် ဤမျှ မရည်ရွယ်။

လွမ်းဝေဆိုသည်က သိကြသည့်အတိုင်း ဘာကိုမျှ သိပ်ပြီး အလေးအနက်ကြီး ထားတတ်သူ မဟုတ်ပေ။

မိတ်ဆွေ စာရေးဆရာမ တဦးကတော့ -

"ရှင်ကတော့လေ မိုးကျမြက်လိုပဲ။ ဘယ်တော့မှ မကြီးပြင်းဘူး"

ဟု ခပ်သာသာ နှက်ဖူးသည်။

"ထာဝစဉ် နုပျိုနေသော အပင်ငယ်ပေါ့ဗျာ"

ဟု ကိုယ်လိုရာ ဆွဲတွေးကာ ခပ်ပေါ့ပေါ့ ရယ်ရွှင်တုံ့ပြန်မိခဲ့ပြီး နာရကောင်းမှန်း မသိခဲ့။

မိုးကျမြက်တဲ့။ မိုးအကျမှာ တောထအောင် ရှင်သန်ပြီး မိုးကုန်တာနဲ့ သွေ့ခြောက် ညှိုးချုံးတဲ့ သဘောလားဟု ခုမှ စဉ်းစားမိသည်။ ဟုတ်တုတ်တုတ် ပါပဲဟု အားငယ်စိတ် ပေါ်သည်။ တော်ပါသေးရဲ့။ အုတ်ကြားမြက်လို့ မပြောခဲ့တာ။

ဘာဖြစ်ဖြစ် လွမ်းဝေဆိုသည်မှာ အစဉ်နုပျိုချင်တာ။ သို့မဟုတ် ဘယ်တော့မှ မကြီးပြင်းလိုတာတော့ အမှန်ပင်။ လောကဓမ္မတာနှင့် သဟဇာတ ညီညွတ်မှု ရှိမရှိတော့ မတွေးဖြစ်။ အဲသည်လောက် စစ်စစ်ပေါက်ပေါက် တွေးနေမည်ဆိုလျှင်လည်း လွမ်းဝေဆိုသည့် ကလောင်တချောင်း လျှမ်းလျှမ်း တောက်ခဲ့မည် မဟုတ်။ သိကြသည့်အတိုင်း လွမ်းဝေဆိုသည်က အလွမ်းတွေနဲ့ ဝေတတ်သော စာရေးဆရာ။

ကိုယ့်ကိုကိုယ် 'အလွမ်းပျော် စာရေးဆရာ' ဟု နာမည်တပ်ကာ အလွမ်းဝတ္ထုတွေချည်း ပျော်ပျော်ကြီး ရေးခဲ့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုစာအုပ်တိုင်း၏ နောက်ဆုံးစာမျက်နှာမှာ ဝတ္ထုအဆုံးသတ်ပြီး သကာလ 'အလွမ်းပျော်ကလေး ကျွန်တော် လွမ်းဝေ' ဟု လက်မှတ်ရေးထိုးခဲ့စမြဲ။

"လွမ်းတယ်ဆိုတာဟာ သမုဒယ သံယောဇဉ် ကြီးမားတတ်သူတို့ရဲ့ သဘာဝပါ။ တွယ်တာခြင်းဆိုတာ လူ့ဘဝအနှစ်သာရမို့ ဘဝကို ခုံမင်တဲ့ အချစ်ကြီးချစ်တတ်တဲ့ ကျွန်တော်က အလွမ်းပျော် စာရေးဆရာဘဝကို ခံယူထားပါတယ်ခင်ဗျာ"

ဝတ္ထုအဖွင့်မှာ ထည့်သွင်းလေ့ရှိသော စာပိုဒ်ကိုတော့ ခုပြန်တွေးလျှင် ခု ကျေနပ်ဆဲရှိသည်။ သမီးကြီးပင် ဒေသကောလိပ်သို့ ရောက်ပြီဖြစ်လည်း လွမ်းဝေတို့ကတော့ မပြောင်းလဲ။ ဒါသည်ပင် ဘယ်တော့မှ မကြီးပြင်းလိုသော၊ ထာဝစဉ် နုပျိုလိုသော လွမ်းဝေပါပဲ။

ပျော်ပျော်ကြီး လွမ်းလိုက်သမှ အလွမ်းဝတ္ထုပေါင်း တရာကျော်ခဲ့ပြီ။ လရောင်အောက်က အလွမ်း။ ညအမှောင်က အလွမ်း။ တက္ကသိုလ် အလွမ်း။ စစ်မြေ အလွမ်း။ မြို့ကောင်ပေါက် အလွမ်း။ သက်ကြားအို အလွမ်း။ ပေါက်တတ်ကရ အလွမ်းတွေ စုံခဲ့ပြီ။ လုံးချင်းဝတ္ထု တရာကျော်ပြီမို့ လွမ်းမျိုး တရာ ကျော်ခဲ့ပါပြီဟု ဝံ့ဝံ့စားစား ရင်ကော့ကြေညာခဲ့ဖူးပြီ။ တနည်းပြောရလျှင် လွမ်းဝေတို့က အလွမ်းတကာ့ တရာ့ဖျား။

စင်စစ်တော့ အမျိုးသားစာပေတို့၊ ပြည်သူ့စာပေတို့၊ ကြီးကြီးကျယ်ကျယ်တွေ ပြောနေကြတာ နားကြားပြင်းကတ်လှသည်။ လောကအမြင်တွေ၊ ရှုထောင့်တွေ၊ ကိုယ်စားပြုချက်တွေ၊ သဘောတရားတွေနဲ့ မရှုပ်ရှုပ်အောင် အလုပ်မရှိ အလုပ်ရှာပြီး ကြောင်ရေချိုးနေကြသူတွေကိုလည်း မျက်စိနောက်သည်။

စာပေဆိုတာ ခံစားချက်ကို အက္ခရာတင်တာပဲ။ အရှင်းကလေး။

ချစ်တယ် လွမ်းတယ်ဆိုတာ ဘယ်လိုလူသားနဲ့မှ မကင်းနိုင်တဲ့ ဓမ္မတာတရား။ လူသားတွေရဲ့ အဓိကကိုယ်စားပြုချက်။ ဟင်း... သင်းတို့ ပြောပြောနေတဲ့ ပြည်သူဆိုတာကမှ ကျဉ်းမြောင်းသေးတယ်။

ဘာပဲဖြစ်ဖြစ် လွမ်းဝေတို့ကတော့ စာဖတ်ပရိသတ် မျိုးဆက် တဆက်ကို လွှမ်းမိုးနိုင်ခဲ့သည်ဟု စိတ်ကြီးဝင်ဆဲရှိသည်။ ဝတ္ထုတအုပ်အတွက်


mgyoe.com

mgyoe.com SAMPLE BOOK

သောင်းဂဏန်းနှင့်ချီပြီး ဝင်ငွေကောင်းခဲ့ရာ လူလည်း နည်းနည်းတော့ ပျက်တတ်တတ် ဖြစ်ခဲ့သည်မှာ မဆန်းဟု ကိုယ့်ကိုကိုယ် သက်သက်ညှာညှာ ကောက်ချက်ချမြဲပင်။

စိုပြည်တုန်းကတော့ အနားမှာ အပေါင်းအသင်းတွေ တရုန်းရုန်းနှင့်။ အခြွေအရံတွေ အသိုက်အဝန်းနှင့်။ တပည့်တပန်းတွေ တပြုံတမကြီးနှင့်။

နေရင်းထိုင်ရင်း အလိုအလျောက် တပည့်လာခံကြသူများထဲမှ ရဲလွင်ဆိုသည့်ကောင်က အတက်ကြွဆုံး။

အယုံကြည်ရဆုံး၊ အားအကိုးရဆုံး၊ မျက်နှာအလွှဲရဆုံး တပည့်။ လွမ်းဝေရဲ့ အတွင်းရေးမှူးဟုပင် ပတ်ဝန်းကျင်က အသိအမှတ်ပြုသည်။ စာပေကိစ္စ၊ လုပ်ငန်းကိစ္စ သာမက ကိုယ်ရေးကိုယ်တာကိစ္စ အရပ်ရပ်တွင်ပါ ရဲလွင်ရှိမှ ပြီးနိုင်ခဲ့သည့် အခြေအနေမျိုး။

ယုတ်စွအဆုံး ခင်ဝင့်ဝါနှင့် ဖြစ်ခဲ့သည့် ကိစ္စများတွင်ပင် ရဲလွင်သည် အစိက ဇာတ်ပို့ဇာတ်ဆောင် ဖြစ်ခဲ့၏။

အောင်မြင်နေသော ယောကျ်ားတယောက် 'ကျ' ချိန်တန်လျှင် 'မိန်းမ' ဆိုသည့် အဖျက်က နှောင့်ယှက်ပူးဝင်စမြဲဟု ကိုလွမ်းဝေ နောင်တသံဝေဝေ ယူမိသည်။ မိန်းမသည် မိမိအဖို့ အဖျက်သမား။

*

တကယ်တော့ 'ခင်ဝင့်ဝါ' ဆိုသည့် အဖျက်သမနှင့် တွေ့ချိန်မှာ အလွမ်းတကာ့တရာ့ဖျားတည်း ဟူသော လွမ်းဝေသည် နုနုနယ်နယ် ဆယ်ကျော်သက်တော့ မဟုတ်။ အသက်လေးဆယ်ပြည့်လုပြီ။ သားကြီး သမီးကြီးနှင့်။ မယားကြီးနှင့်။ ကျောက်ကုန်းထဲမှာ 'လွမ်းရိပ်သာ' ဟု စာတန်းချိတ်သော တသိန်းတန် အိမ်နှင့် ခြံနှင့်။

တည်တည်တံ့တံ့သာ နေခဲ့မည် ဆိုပါလျှင် ကနေ့ထိ လွမ်းဝေဆိုသည်မှာ 'လွမ်းရိပ်သာ' ၏ ကိုးကွယ်ရာ အိမ်ဦးနတ် ဖြစ်ချိမ့်မည်။

ခက်သည်က သိကြသည့်အတိုင်း အချစ်ကြီး ချစ်တတ်သည့်၊ ပျော်ပျော်ကြီး လွမ်းတတ်သည့် ထာဝစဉ် နုပျိုနေသော လွမ်းဝေမို့ သားနှင့် မယားနှင့်၊ အိုးနှင့်အိမ်နှင့် ဖြစ်သည့်တိုင် ထိန်းထိန်းသိမ်းသိမ်း မနေဖြစ်။


mgyoe.com

mgyoe.com SAMPLE BOOK

အလှကို ခံမင်ကျက်စားခြင်းဖြင့် သမုဒယကို ပွားများစေသည် မဟုတ်ပါလား။ သမုဒယကို လူ့ဘဝ အနှစ်သာရဟု မှတ်စွဲသူပီပီ စာဖတ် ပရိသတ်ထဲက ခင်ဝင့်ဝါနှင့် ငြိတွယ်ခဲ့လေသည်။

မိမိနှင့် သက်တူရွယ်တူ ကလေးလေးယောက်မိခင် ညွန့်ညွန့်တင်နှင့် ယှဉ်ကြည့်လျှင် ခင်ဝင့်ဝါက ဘာတခုမျှ မဆိုင်။ တခြားစီ။ ရင့်ရော်ခြင်းနှင့် ပျိုမျစ်ခြင်းကို စေ့စေ့စပ်စပ် နှိုင်းယှဉ်ကြည့်ရသလိုတည်း။ သို့သော် အများ ပြောကြသလို မယားကြီး ရွှတ်တွမ့် ငြီးငွေ့လှသည်လို့လည်း မဆိုသာ။ သား သမီးကို တွယ်တာသလို ဇနီးသည် ညွန့်ညွန့်တင်အပေါ်လည်း အကြင်နာ မလျော့သည်တော့ အမှန်။ ယောကျ်ားသားမို့ အလှကို ခံမင်လိုစိတ်ဖြင့် ခင်ဝင့်ဝါကို မက်မက်မောမော ဆက်ဆံခဲ့ခြင်း ဖြစ်လေသည်။

ယောကျ်ားကောင်း မောင်းမ တထောင် ဆိုသည် မဟုတ်လား။ လွမ်းဝေ ဆိုသည့် ယောကျ်ားကောင်းက မိန်းမသားတွေကို ကျောရရုံ ကြံလေ့ ရှိသော အောက်တန်းစားမျိုးမဟုတ်။ ကိုယ့်တာဝန် ကိုယ်ကျေပွန်သည်။ မိမိ အိမ်ထောင်ရေးကို မထိခိုက်စေရဘဲ တရံဆံ မိန်းမတယောက်ကို သီးခြား ထောက်ပံ့နိုင်သည်။

တရံဆံမိန်းမဟု ဆိုရသည်မှာလည်း လွမ်းဝေ လူလည်ကျသည် မဟုတ်ပါ။ ခင်ဝင့်ဝါ သဘောကျ အယူအဆသာ ဖြစ်လေသည်။

ခင်ဝင့်ဝါက ကိုလွမ်းဝေ ထောက်ပံ့သည့် သုံးရာမှ ငါးရာကြားရှိသော လစဉ်စရိတ်ကို ကျေကျေနပ်နပ် လက်ခံသော်လည်း လင်မယားအဖြစ်တော့ အတိအလင်း မကြေညာလိုပဟု ဆိုသည်။ တွဲတွဲသွားသွား လူကြားမှာ နေချင် သလိုနေ။ အဲ... ညအိပ်ညနေ ကိစ္စမျိုးတော့ လူသိမခံနိုင်ပါတဲ့။

ဒါက ပိုလို့တောင် ပြဿနာ အေးသေးသည်ဟု သဘောရကာ ခင်ဝင့်ဝါ ကို ရန်ကင်းမှာ တိုက်ခန်းတခန်း ရှာပေးလိုက်ရုံနှင့် ကိုလွမ်းဝေအဖို့ တရား မဝင်သော တအိုးတအိမ်ကို လွယ်လင့်တကူ ထူထောင်ပြီး ဖြစ်တော့သည်။

မိန်းမတယောက် ယူရသည်မှာ ခုတော့လည်း ဘာမျှ မခက်ပါပဲ ကလားဟု ကျေနပ်ရပြန်၏။

ကြည့်၊ ခင်ဝင့်ဝါကို တလ သုံးရာပဲ ပေးရသည်။ သိပ်ထောသည့် လမျိုးမှာ နည်းနည်းပါးပါး ပိုပေးလိုက်သည်ဆိုလျှင် ခင်သည် ရုံးမှပင် ခွင့်


mgyoe.com

mgyoe.com

ရက်ရှည်ယူပြီး အမှတ်တရ ပြုစုပေး၏။ ကော်ပိုရေးရှင်းတခုမှ အထက်တန်းစာရေးရာထူးကိုတော့ လစာကို မစုံမက်လှသော်လည်း မစွန့်လွှတ်နိုင်ဟု ခင်က ဆိုသည်။ အလုပ်ရှိမှ လူရှိသေးသည်တဲ့။ ပြီးတော့ ဘွဲ့ရမှလည်း တင့်တယ်သည်တဲ့။ လုပ်သားကောလိပ်မှာ မြန်မာစာ နောက်ဆုံးနှစ်။

ကိုလွမ်းဝေကတော့ ခင့်ကွယ်ရာမှာ 'ဒါ ကိုယ့်ကိပင်ပေါ့' ဟု အပေါင်းအသင်းတွေအပေါ် ပိုးစိုးပက်စက် လက်မထောင်လေ့ရှိသည်။ ကိပင် ဆိုသည့် စကားလုံးကို မြိန်ရေရှက်ရေ သုံးကာ ယောက်ျားစွမ်း ယောက်ျားစကို မီးကုန်ယမ်းကုန် ဖော်ထုတ်လေသည်။

ဟုတ်တယ်လေ။ လွမ်းဝေလို ဘယ်ကောင်များ နေနိုင်ကြသလဲ။ ကြည့်၊ အထူးသဖြင့် စာပေလောကမှာ၊ စာရေးဆရာတွေထဲမှာ ရှာကြည့်။ အောင်မြင်မှုဆိုတာ တော်တော့ ပါရမီ မဟုတ်။ ကိုယ်ကတော့ ပါရမီရှင်ပဲဟု တရိပ်ရိပ် တက်နေဆဲ ဝတ္ထုစောင်ရေကို အကဲဖြတ်ရင်း ကျေနပ်လို့ မဆုံးနိုင်ဖြစ်ရသည်။ ပြီးတော့ ကမ္ဘာကျော် ပန်းချီပန်းပု ပညာရှင် ဂေါ်ဂင် ပြောလေ့ရှိသော စကားတခွန်းကိုလည်း သဘောကျတတ ဖြစ်မိသည်။

မိန်းမဆိုတာ ယောက်ျားအတွက် တခါတရံ အလိုလားအပ်ဆုံး အဖျော်ဖြေခံ ပစ္စည်းပဲတဲ့။ မိန်းမကို တခါတရံ တပ်မက်စိတ် ပေါ်လာခြင်းဟာ လူတန်းစေ့တဲ့ လက္ခဏာပဲတဲ့။ ကဲ။

လွမ်းဝေကတော့ တအိုးတအိမ် ထူထောင်ပြီး သားသမီး ပွားစီးခဲ့ပြီ။ လူ့ဘောင် စည်းမျဉ်းအရ တာဝန်ကျေခဲ့ပြီ။ ဂေါ်ဂင်လည်း ဂေါ်ဂင်။ လွမ်းဝေဟာလည်း လွမ်းဝေ။ ပါရမီ့ရှင်ပဲ။ တခါတခါတော့ စိတ်အလိုကို တက်ကုန်ရွက်စုံ ဖွင့်ပေးချင်သည်။ ခင့်ကို ဘဝ၏ အပန်းဖြေရိပ်သာလို၊ အနားယူစခန်းလို သဘောထားလိုက်သည်။

သည်ရိပ်သာ သည်စခန်း စည်ပင်လန်းဆန်းအောင်တော့ ကိုယ်က ပြုပြင်မွမ်းမံဖို့ တာဝန်ရှိသည်ပေါ့။ ဒါကလည်း တော်ရုံလူ စိတ်ကူးဝံ့ရဲဖို့ပင် မလွယ်။

ကိုယ်သာ ယောက်ျားဘသား မတထောင် တကောင်ဖွားမို့ တတ်နိုင်စွမ်းသည်။

*


mgyoe.com

mgyoe.com SAMPLE BOOK

လှသော မိန်းမငယ်တို့ ထုံးစံအတိုင်း ခင်က အလှကြိုက်သည်။

ပြီးတော့ ထုံးစံအတိုင်း အကောင်းလည်း ကြိုက်တတ်သည်။

ငွေသုံးရာ ဆိုသည်မှာ ခင့်အတွက် အသေးသုံးမျှသာတည်း။ အလှပြင် စရိတ်တွေချည်း တွက်လျှင်ပင် ခင့်အတွက် တလတွင် တထောင်ဝန်းကျင်မှာ ရှိမည်။ ဆံပင်ထုံးဖွဲ့မှုအတွက် အလှပြင်ဆိုင်ကို တလတလ ပေးရသည့် ငွေပင် နည်းမည်မထင်။ သာမန်အားဖြင့် တကြိမ်လျှင် ဆယ့်နှစ်ကျပ်မှသည် ငါးဆယ့် ငါးကျပ်အထိ နှုန်းထားရှိသည်။ ခင်သုံးသည့် ရေမွှေးမှာ လေးဆယ့်ငါးကျပ် မှသည် တရာ့နှစ်ဆယ်အထိ ရှိ၏။ တံဆိပ်တော့ မမှတ်မိ။ ခင်က ဘာ တံဆိပ်ရယ်လို့ စွဲစွဲမြဲမြဲ သုံးတတ်သူ မဟုတ်ပေ။ အသစ်အဆန်း ပေါ်ပင်ကို လိုက်၍ ပြောင်းလဲ နှစ်ခြိုက်တတ်သော သဘောရှိသည်။ ဖနီးအတွက်၊ သမီးအတွက် ဤမျှ ဈေးကြီးသော စပရေးရေမွှေးမျိုး ဝယ်မပေးစဖူး၊ မကြားစဖူး ကြားရသော ဈေးနှုန်းကို ခေါင်းထဲမှာ စွဲမှတ်ထားလိုက်မိခြင်း ဖြစ်သည်။

ကြံ့ကြိုက်လျှင် ဝတ္ထုထဲမှာ ထည့်ရေးဖို့ အချက်အလက် ဗဟုသုတ ရလိုက်တာပဲလို့ ကြံကြံဖန်ဖန် ဝမ်းမြောက်ရသေး၏။

သို့နှင့် ကိုလွမ်းဝေ ဝတ္ထုတွေထဲမှာ အကောင်းစား၊ အပျံစား လူမှု အသုံးအဆောင် ပစ္စည်းတွေ၊ ခမ်းနား၍ အထက်တန်းကျသော ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ စားမြိန်ဥယျာဉ်တွေအကြောင်း နိုက်နိုက်ချွတ်ချွတ် ထည့်ရေးနိုင်လာ၏။

ဗီဒီယိုတိပ်ဖြင့်ပြသော မှောင်ခိုရုပ်ရှင် အသစ်အဆန်းအကြောင်း၊ ငါးရံ့ခြောက်ဖုတ် ဆီဆမ်း တပန်းကန်နှင့် ရေနွေးကြမ်း မြေကရားတအိုးကို တဆယ့်ငါးကျပ်ပေးရသော အအေးခန်း စားသောက်ဆိုင်အကြောင်း ဝတ္ထု ထဲမှာ မစားရ ဝခမန်း စာဖတ်ပရိသတ် သွားရည်ကျအောင် သတင်းပေးနိုင် လာသည်။ အဲဒါတွေကပင် မမျှော်လင့်ဘဲ ပရိသတ်အကြိုက်နှင့်တိုးကာ လွမ်းဝေမှ လွမ်းဝေ ဖြစ်လာခဲ့လေသည်။

အဲသည်တော့ သုံးလိုက်စမ်းပါ ခင်။ စက်နှင့် လှည့်ထုတ်သလို ဟော တအုပ်၊ ဟောတအုပ် ရေးဖို့က လွမ်းဝေ့တာဝန်။

လောက၏အနှစ်သာရကို အားပါးတရ ခံစားလိုက်သည်မှာ ဝတ္ထု တွေကို စက်နှင့် လှည့်ထုတ်သလို ရေးရရုံမက ထုတ်ဝေသူထံမှ ကြိုတင်ငွေပင်


mgyoe.com

mgyoe.com SAMPLE BOOK

သိန်းဂဏန်း ခိုက်မတတ် ရှိလာ၏။ သည်တော့မှ ဘဝအတွေ့အကြုံ ရှာဖွေခြင်းကိစ္စကို အတန်အသင့် လျှော့ပေါ့ပြီး စာရေးခြင်းကိစ္စကို သည်ထက် ဇောက်ချလုပ်မှဟု သတိရစပြုသည်။

အစဉ်လို ငွေပြတ်နေတတ်သော ခင့်အသုံးစရိတ်အတွက် သီးခြား စာအုပ်တိုက်တတိုက်မှာ ကြားပေါက် ရေးပေးပြီး ငွေပို ရှာရတော့သည်။

ထွက်လိုက်သည့် လွမ်းဝေ့လုံးချင်းဝတ္ထုတွေ ပလူပျံ့မတတ်။ တလ တည်း နှစ်အုပ် ထိပ်တိုက် ထွက်သည်ကလည်း မကြာခဏ။

အဲသည်အချိန်မှာ လူသည် စက်ရုပ်မဟုတ် ဆိုတာကို ကောင်း ကောင်းကြီး သဘောပေါက်လာလေသည်။

လူသည် စက်ရုပ်မဟုတ်။

အဆက်မပြတ် ရေးထုတ်နေရခြင်းဖြင့် သိသိသာသာ လက်ပန်းကျ လာသည်။ မဖြေဖျောက်နိုင်လောက်အောင် ငြီးငွေ့လာသည်။ ကြာတော့ စာမဖြစ်ဖြစ်အောင် ကြိုးစားရေးနေရတော့ကာ ဝတ္ထုတပုဒ် မဆုံးဆုံးအောင် ရှာကြံဖန်တီးနေရတော့သည်။

ဇာတ်တို့သည် ကဖွားကလျား။ လှပသော စကားလုံးနုနုကလေး များလည်း အပ်ကြောင်းထပ်လှပြီ။ ကြိမ်ဖန်များလာတော့လည်း အပ်ကြောင်း ထပ်သည်မှာ သိသာလာ၏။

ကိုယ့်ဘာသာကိုယ်လည်း ရိပ်မိသည်။ တခါတရံ ဝတ္ထုရေးနေရင်း ကိုယ့်ဇာတ်ကောင်စရိုက်ကိုပင် ကိုယ် မမှတ်မိ။ ရှေ့နောက် အချိတ်အဆက် မညီညွတ်တာတွေ၊ နေရာဌာန အခေါ်အဝေါ် ကွဲလွဲကုန်တာတွေ ဖြစ်လာသည်။ အသေးစိတ် ပြင်ဆင်မွမ်းမံဖို့ အချိန်လည်း မရ။ ရှေ့မှ ရေးလာခဲ့သည်ကို တခေါက်မျှပင် ပြန်ဖတ်ကြည့်ဖို့ အချိန်မရှိ။

စာဖတ်သူတချို့ ဝေဖန်ထောက်ပြကြမှ သိရသော်လည်း သိပ်ပြီး ကြီးကျယ်လှသော ချွတ်ယွင်းချက်မျိုး မဟုတ်ဟု လျှော့လျှော့ပေါ့ပေါ့ တွက်ဆ မိခဲ့သည်။ ဖြစ်နိုင်လျှင် တကယ့်ကို ပြုပြင်ချင်ပါသော်လည်း အခြေအနေ မပေး ခဲ့ပြီ။ 'ကျ'ချင်ပြန်တော့လည်း သည်မျှ မြန်လိမ့်မည်ဟု မမျှော်လင့်။

ကလောင်သစ်တွေကလည်း ညဉ့်ဦးယံ ကြယ်စုံထွက်သလို ပြိုးပြိုး ပြက်ပြက် မိုးပြင်အနှံ့ လက်သည်။ မိုးသောက်ချိန်အထိ ဘယ်နှပွင့် ခံမည် မသိ။


mgyoe.com

mgyoe.com SAMPLE EBOOK

သန်းခေါင်မတိုင်မီ ဘယ်နှပွင့် ကြွေမည် မသိ။ ကမ္ဘာတည်သရွေ့ သက်တမ်းရှည်မည့် 'တာရာ' အစစ်ကိုတော့ လက်ချိုးရေ၍ ရချိမ့်မည်။

သည်အထဲမှာ ကိုယ်ကတော့ အတော်အသင့် လင်းလက်နိုင်ခဲ့ပြီ ထင်သည်။

'ကျ'မည် ဆိုလျှင်လည်း လဝင်သလို တရိပ်ရိပ် ကွယ်မည် မှန်းသည်။ ကြယ်ကြွေသလို ဖြုတ်ခနဲတော့ ကြွေအံ့ မထင်ခဲ့။ သို့သော် ကျမည့်ကျတော့ ဖုတ်ခနဲ ကျတော့သည်။ တလိမ့်ခေါက်ကွေးပါပဲ။ နာလိုက်သည်မှာလည်း ပြောစရာ မရှိ။ ကော်ပီခ ရာခိုင်နှုန်းကြေးကလည်း ကျသည်။ စောင်ရေကလည်း မတရားကျသည်။

ဆိုတော့ ဘာကျန်တော့မည်လဲ။

ဘာမျှ မကျန်တော့ပြီ ဆိုမှဖြင့် ခင်ကရော ကျန်မည်တဲ့လား။

*

သည်နေရာမှာ ရဲလွင်ကို သုံးရတော့သည်။ ရဲလွင်က လည်သည်။ အတန်အသင့်လည်း စာဖတ်နှံ့စပ်သည်။ တက်ကြွသော စာပေဝါသနာရှင် အစစ်ပါပဲ။ တခါတရံ ကိုယ်ကပင် သူ့ကို ပြန်၍ စုံစမ်းမေးမြန်းရတတ်သည်။ ကိုယ့်မှာက စာဖတ်ချိန် မရှိ။ ကျော်ကြားအောင်မြင်သော စာရေးဆရာပေမဲ့ ခေတ်ပြိုင်တွေက ရှိသေးသည်လေ။ စာပေလောကသတင်း၊ စာအုပ်သတင်း စသည်ဖြင့် သိသင့်သိထိုက်တာတွေ ရှိသေးသည်လေ။

တကယ်အောင်မြင်၍ စာရေးခြင်းကိစ္စဖြင့် တကယ်အလုပ်များနေသော စာရေးဆရာဆိုသည်က နေရာတကာ ဟိုစပ်စပ် သည်စပ်စပ် မသွားတတ်။ စာပေဆွေးနွေးပွဲတို့၊ ဟောပြောပွဲတို့လည်း ဖိတ်တိုင်း မလိုက်နိုင်။ စာတမ်းဖတ်ပွဲတို့၊ အစည်းအဝေးတို့ ဆိုတာကတော့ ကိုယ့်အလုပ် မဟုတ်ဘူးပဲ ထင်သည်။ အားအားလျားလျား အချိန်မဖြုန်းနိုင်။

ခင်နှင့် အတူတွဲပြီး အပန်းဖြေတာလို အကျိုးမဖြစ်ထွန်း။ ခင်နှင့် တနေရာ ထွက်လျှင် အတွေ့အကြုံသစ်တမျိုး ရသည်။ ခင်နှင့်အတူ နေသခိုက်မှာလည်း ခင့်အမူအရာ၊ အပြောအဆို၊ အနွဲ့အနှောင့်တို့မှာ နှလုံးအိမ်ကို စိုရွှမ်းစေပြီး စာရေးလိုစိတ်ကို လှုံ့ဆော်ပေးဖော် ရသည်ထင်၏။


mgyoe.com

mgyoe.com SAMPLE BOOK

အစဉ်နုပျိုနေသော အလွမ်းဝတ္ထုတွေအတွက် ခင်နှင့်အတူ အတွေ့အကြုံ ရှာဖွေရသည်မှာ အားတက်စဖွယ် မြင်သည်။

ပြီးတော့ အချစ်ဝတ္ထု၊ အလွမ်းဝတ္ထု တကယ်စုံမက်သော ခင်က ခေတ်ပြိုင်ဝတ္ထုတွေအကြောင်း ကိုယ့်ကို ပြန်ပြောပြဖော် ရသေး၏။ ရင်လှိုက်ခုန် အရေးအဖွဲ့များအကြောင်း ပွင့်ပွင့်လင်းလင်း သတင်းပေးဖော် ရသေး၏။ ကိုလွမ်းဝေကိုလည်း အကြံပေးတတ်သည်။

"ရင်လှိုက်ခုန်လို ဝတ္ထုမျိုး လူတွေ စွဲကြတယ် ကိုကို၊ ခင်တောင် တခေါက်ဖတ်ရုံနဲ့ မဝချင်ဘူး။ သိပ်ခိုက်တာ။ အဲဒါမျိုး ကိုကို တတ်နိုင်ပါတယ်။ ထည့်ရေးကြည့်ပါလား"

မိန်းမသားတယောက်၏ အကြံဉာဏ်ကို အရေးတယူ လုပ်ရာကျမှာ စိုး၍ ဘာမှ ပြန်မပြောခဲ့သော်လည်း နောက်ပိုင်း ရေးဖြစ်သည့် ဝတ္ထုတွေထဲမှာ ရင်လှိုက်ခုန်စရာကလေးတွေ ထည့်ရေးကြည့်ခဲ့လေသည်။

ခင်က မိန်းမပါး။

ဘယ်စစ်ကို ပြင်လို့၍ ဘယ်မြားကို ဆင်သည် ဆိုတာ ဒက်ခနဲသိသည်။

"ကိုကိုက ပေါ်တင်ကြီး ရေးတာကိုးကွယ့်၊ ရင်လှိုက်ခုန် ဆိုတာမျိုးက သိမ်သိမ်မွေ့မွေ့ဖွဲ့ရတာ။ ခင်လည်း ပြောတော့ မပြောတတ်ဘူး။ ဒါပေမဲ့ ကိုကို့ ဥစ္စာကြီးက ဟိုရင်လှိုက်ခုန် ဝတ္ထုတွေလို ခိုက်လည်း မခိုက်ဘူး"

အဲသည်ကတည်းက နည်းနည်းတော့ စိတ်ဓာတ်ကျချင်တင်တင်။

ရဲလွင် အားပေးဖော် ရ၍သာ တော်တော့သည်။

"သူ့လိုင်းနဲ့သူ ကိုယ့်လိုင်းနဲ့ကိုယ် ကွဲကွဲပြားပြား ရပ်တာပဲ ကောင်းပါတယ် ဆရာ။ လွမ်းမောဆွတ်ပျံ့ဖွယ် ဝတ္ထုသန့်သန့်ပဲ လုပ်ပါ။ ပရိသတ် အကြိုက် လိုက်ပြီး ဒါလောက်ကြီး သိက္ခာအကျမခံပါနဲ့"

သည်တော့မှ ကိုယ့်မှာ သိက္ခာနဲ့ပါကလားဟု သတိရသည်။

ရဲလွင်အပြောက လူကြိုက်များပေမဲ့ တပြားသားမှ သိက္ခာမရှိတဲ့ စာအုပ်မျိုးတွေ အပုံပါ ဆရာတဲ့။ ကြိုက်ပါတယ်ဆိုတဲ့ လူတွေကိုက ကြိုက် လှချည်ရဲ့ ကောင်းလှချည်ရဲ့လို့ လူသိရှင်ကြား ထုတ်မပြောဝံ့ဘဲ တိတ်တိတ် ကျိတ်ကြိုက်နေကြတာပါတဲ့။ ကိုယ့်တပည့်ပေမဲ့ သည်အခါမျိုး ကျတော့လည်း တပည့်စကား လေးစားရလေသည်။


mgyoe.com

mgyoe.com

သည်ကောင်က လာတော့ အလာသား။ တခါတရံ လိုင်းတွေ၊ ရပ်တည်ချက်တွေ၊ ဦးတည်ချက်တွေကို ပုံကြီးချဲ့ပြီး အရေးတယူ ပြောချင်သေးသည်မို့ ကိုယ်က အတော်ကြီး နှိမ်ထားရ၏။

ဘတ်ဂျက်မှာ လိုငွေ ပြလာ၍ ကြားပေါက်ထုတ်ဝေသူ ရှာရာမှာတော့ သည်ကောင့်ကြောင့် သိက္ခာရှိရှိ ပြေလည်ခဲ့ရသည်။

မိမိ ငွေလိုသည်ကို တပည့်အတွက်ဟု ရဲလွင်အပေါ် ဗိုက်အဂုားနှင့် ဓားထိုးခံစေခဲ့သည်။ တပည့်အတွက် ချီးမြှင့်သည်ဟု အကြောင်းပြကာ ကြားပေါက်စာမူပေးခြင်းဖြင့် မူလထုတ်ဝေသူက ကန့်ကွက်စကား မဆိုသာ။ ကြိုတင်ယူထားသော ငွေကြေးအတွက်လည်း မျက်နှာပူစရာ မဖြစ်တော့။

ရဲလွင် ကျေးဇူးတွေ များလှပြီ။ ကြားပေါက်ထုတ်ဝေသူကိုလည်း ရဲလွင်ကိုယ်တိုင် ရှာခဲ့သည်။ ရဲလွင်ကပဲ ဈေးစပ်သည်။ ဆရာကောင်းတပည့် ပီသလွန်းပါဘိ။

တခုပဲ။ ရဲလွင်အပေါ် မကြည်ချင်တာ ရှိဖူးသည်။ ခင်နှင့် ပတ်သက်၍။

"မမည္ဘွန်နဲ့ ကလေးတွေအပေါ်မှာတော့ သစ္စာမဖောက်သင့်ပါဘူး ဆရာ"

ဒူးနေရာဒူး တော်နေရာတော် မဟုတ်တော့ဘဲ ရောလွန်း၍ ရောင့်တက်သည်ထင့်။ ဆရာကို ဝေဖန်ရေး လုပ်ချင်လေသည်။

ခင်နှင့် ဆက်ဆံသည်ကို အိမ်ထောင်ရေးသစ္စာ ဖောက်ဖျက်သည်ဟု စွဲချက်တင်သည်။ ကိုယ်ကျင့်တရား ဖောက်ဖျက်သည် ဆိုသည့် အဓိပ္ပါယ်မျိုး စကားရိပ်သမ်းလာ၏။

ကိုယ့်မှာကလည်း ကိုယ့်အားနည်းချက်နှင့်ကိုယ်မို့ အရေးတယူ ရန်ဖြစ်မနေအား။ တပည့်ကောင်းတယောက်ကို အလွယ်တကူ မစွန့်လွှတ်နိုင်သည်မို့ အပြုံးမပျက် အမှုမထား နေပြခဲ့ရသည်။ ဆရာကို ဆရာလုပ်တာမျိုးတော့ လွမ်းဝေတို့က စိုးစဉ်းမျှမကြည်။

သို့သော် ရဲလွင်က မဆိုး။ တကယ်တော့ ခင့်ကို ထောက်ပံ့နေကျငွေ ပြည့်ပြည့်ဝဝ မပေးနိုင်သည်ကို မျက်နှာပူ၍ ရဲလွင်ကို အပို့လွှတ်ရသည်။ ငွေတရာ့ရှစ်ဆယ်ကို ခင့်လက်ထဲ ရအောင် ထည့်ရုံမက ဘာတွေ ရွှန်းရွှန်းဝေအောင် မျှော်လင့်ချက်အားလုံး တင်းနှင့်တောင်းနှင့် ချီပြီး ပေးခဲ့သည် မသိ။


mgyoe.com

mgyoe.com SAMPLE BOOK

ခင့်ထံမှ အမှာထောက်သည့်အထိ အခြေအနေ ကောင်းခဲ့သည်။ ရဲလွင့်ကျေးဇူး ကြောင့် ချိုချိုငွဲငွဲနှင့် လေးငါးခြောက်လခန့် ခင်နှင့် အဆင်ပြေခဲ့သည်။ ခက်သည်က ထုတ်ဝေသူထံမှ ယူသော စာမူခကြိုတင်ငွေတွေကို ခုနှိမ် ပေးဆပ်နေရခြင်းတည်း။

တသက် ဆပ်လို့မှ ကုန်နိုင်ပါ့မထင်။ စိတ်ညစ်လိုက်သမှ ပြောမပြော ချင်။ စိတ်ညစ်လာတော့ စာရေး၍ မထွက်နိုင်တော့ပြီ။ ဦးနှောက်ရော နှလုံးသားပါ ခြောက်ကုန်ပြီ ထင်၏။ တလတအုပ် သာသာကလေး ရေးနိုင် ခဲ့သော စံချိန်ကို ပြန်ပြောလျှင် ယုံနိုင်ဖွယ် မရှိ။

များများရ၍ ပေါပေါသုံးခဲ့သည့်အဖြစ်က ဖြုန်းခနဲ ချွေတာရသည်လည်း ပင်ပန်းလှဘိသည်။ လေးထွေ၍ စိတ်လေနေသည်မို့ လေးလကြာသည့်တိုင် စာတအုပ် မပြီးနိုင်တော့။

စာမရေးနိုင်သည့်အခါ လစာမှတပါး ငွေပို တပြားတချပ် မဝင်လေရာ ဘဝမှာ ဖရိုဖရဲ ဖြစ်လာ၏။

တတ်နိုင်သလောက် ပြန်သိမ်းဖို့ ကြိုးစားကြည့်သေးသည်။ ရုံးမှ ပင်စင်ငွေကို ညွှန်ညွှန့်တင် မသိအောင် စီစဉ်ကာ ကျန်းမာရေး အကြောင်း ပြချက်ဖြင့် လျှောက်ထားမည်။ ပြီးတော့ တဝက်ကို ရောင်းမည်။

တပွဲတိုး ထွက်ပေါက်ရှာနည်းလို့ပဲဆိုဆို ငွေကြေးကိစ္စကို ဖြေရှင်း ရန်မှာ သည်တနည်းသာ ရှိတော့သည်။

ငွေကြေးပြဿနာ အခိုက်အတန့် ပြေလည်လျှင် စိတ်သောက ရှင်း မည်။ သို့မှ စာကို ဟုတ်တိပတ်တိ ရေးဖြစ်တော့မည်။ စာရေးဖြစ်ပြီဆိုလျှင် မကြောက်။ ဟိုတုန်းကလို မဟုတ်တောင် သုံးလောက်စွဲလောက်တော့ ရှိမည် ထင်သည်။

ခင့်ကိုလည်း တဖက်က စည်းရုံးကြည့်ဦးမည် ကြံသည်။ အသုံးအစွဲ လျှော့ဖို့၊ တခါတခါတော့လည်း စိတ်ကူးထက် လက်တွေ့ဖြစ်ရပ်တွေက မြန်ဆန် ပြောင်းလဲတတ်လေသည်။ စည်းရုံးရေး မစမီပင် ပြိုကွဲနှင့်ပြီတည်း။

ရန်ကင်းတိုက်ခန်းမှာ ခင် မရှိတော့ပြီ။ တိုက်ခန်း၏ မူလအိမ်ငှားကို အခန်းပြန်အပ်ခဲ့သည်ဟု စုံစမ်းရရှိသည်။ ကိုယ့်ကို တစုံတရာ အသိအမှတ် မပြုသည်မှာ သံသယ ဖြစ်ဖွယ် မရှိတော့။


mgyoe.com

mgyoe.com

ငါးငယ်ကား ချောင်းကို စွန့်ခဲ့ပြီ။ နွံထဲမှာ မနေတတ်၍ ရေများရာ အရပ်ကို ရှာလေပြီ။ မထောက်ညှာလေခြင်းဟု ရင်နာနာနှင့် လွမ်းမိသည်။ မကျန်တော့ပြီဆိုမှ ဘာတခုမှ မကျန်တော့ပြီ။

အစာဝ၍ ဌာနပြန်သည့် ကျေးဟု ယောက်ျားရင့်မာကြီးစစ်စစ်က မြည်တမ်းမိသည်။ လောကဓမ္မတာ တရားတို့သည် တခါတရံ ကပြောင်းကပြန် ဖြစ်တတ်ကုန်၏။ ငြီးငွေ့ စွန့်ပစ်ခြင်း ဆိုသည်မှာ ယောက်ျားကိစ္စဟု ထင်ခဲ့သည်။ မိန်းမဆိုသည်မှာ အဖြည့်ခံသက်သက်။ ဂေါက်ပြောသလို လိုအပ်တုန်း ဆွဲသုံးရသည့် ပစ္စည်း၊ မလိုအပ်ဘူးဆိုလျှင် ယောက်ျား စွန့်ပစ်ခဲ့ရရာမှာ နေရစ်ရော့။

ခုတော့ ကြည့်စမ်း။ မိန်းမက စ၍ ခွာသည်တဲ့။ နာသာခံခက် ရှက်လည်း ရှက်စရာ။ ဘယ်ကို သွားပြီ မသိ။ ဘယ်မှာ နားမည် မသိ။ အစာဝ၍ ဌာနပြန်သည့် ကျေးမ။

သာတုန်းသာ နားချင်သည့် မိန်းမစား။ အလကားမိန်းမ။

(၂)

"ရှူး၊ ဟိုမှာ ဘဲနာကြီး"

မဝါက ပခုံးစွန်းဖြင့် တိုက်ရင်း မျက်ခုံးပင့်၍ ညွှန်ပြသည်။

သြ... ဆရာကိုလွမ်းဝေ။

ဒီလူကြီးကို ဆရာဟု သိမှတ်ရသည်မှာ ဦးနှောက်သနပါရဲ့။

တချိန်ကတော့ ရဲလွင်ရဲ့ ဆရာတဆူ။ သူမှ သူ။

ခုတော့ တော်ပြီ၊ တော်ပြီ၊ တော်ပါပြီ။

မတွေးချင်၊ မသိချင်၊ မမြင်ချင်၊ မကြားချင်တော့ပါပြီ။ သူတော် အယောင် ကြောင်သီတင်းသုံး။ အနုပညာ ခုတုံးလုပ်၍ လူသားစားသည့် ကျားငစဉ်းလဲ။

သူ့နံဘေးမှာမှ တိုက်တိုက်ဆိုင်ဆိုင် သွားရပ်မိသော မဝါက အရင် စမြင်သည်မို့ ကိုယ့်ကို ထပ်ဆင့် ညွှန်ပြခြင်း ဖြစ်သည်။

ထိုင်နေသော နောက်ကျောပြင်ကြီးကို တချက်မျှ ဝေ့ကြည့်လိုက်ရုံ ပါပဲ။ ဒါထက် ပိုပြီး စိတ်ဝင်စားဖွယ်လည်း မရှိတော့ပါချေ။ သည်ထက်


mgyoe.com

mgyoe.com

စေ့စေ့ကြည့်မိလျှင်လည်း ခေါင်းရိုက်ခွဲချင်စိတ် ပေါက်လာမည် ထင်၏။ မကြေ။ ကမ္ဘာမကြေ။ သံသရာမကြေ။ ဘယ်တော့မှ မကြေ။ မဝါ လက်မောင်းကို ဆွဲပြီး သည်နေရာက အမြန်ဆုံးပဲ ထွက်လာခဲ့သည်။

ဒံပေါက်ဆိုင်ထဲ ရောက်သည်အထိ ကိုယ့်မှာ ဒေါသအရှိန် မပြေ။ ရှူးရှူးရှားရှား ဖြစ်ရတုန်း။ အမြဲတမ်း ပျော်ပျော်နေတတ်သော မဝါကသာ အပြုံးအရယ် မပျက်။

"ဘယ်လိုလဲ၊ ကျွဲမြီးတိုနေပြီလား အမောင်"

ဟု ကိုယ့်ကို စနေသည်။

မိန်းမဆိုသည်မှာ ခပ်တိမ်တိမ်ချည်း။ အခြေအမြစ် အနှစ်အဓိပ္ပာယ်ကို လွယ်လွယ် သဘောမပေါက်။ အားနွဲ့သူ မိန်းမသားရယ်လို့ စကားလုံး အလှအဆင်တန်ဆာ သုံးရပေမဲ့ အသိဉာဏ်ရေးရာမှာလည်း နုံချာပါးရှားလှချေသည်။ ကနဦးကတော့ ယောကျ်ားတွေနှင့် တန်းတူ လောကကို တိုက်ရိုက်ရင်ဆိုင်ခွင့် မရ၍၊ အမှီခို တဆင့်ခံ ဗဟုသုတမျှသာ ရှိကြ၍၊ မီးဖိုချောင်နှင့် အိမ်ထောင်ကိစ္စ အကျဉ်းထောင်ထဲမှာ နစ်မွန်းနေကြရသည်ဖြစ်၍ စသည် စသည် အကြောင်းပြချက်များကို ယုံကိုးကာ မိန်းမများအပေါ် စာနာကြည့်ခဲ့ဖူးပါသည်။

စေ့စေ့တွေးတော့ အဆိုပါ အကြောင်းပြချက်များ ယုတ္တိ မခိုင်လှသည်ကို သဘောပေါက်လာသည်။ မဝါလို မိန်းမမျိုးအဖို့ ဆိုလျှင် ထိုအကြောင်းပြချက်များနှင့် ဘာမှ မဆိုင်။

ယောကျ်ားတွေနှင့် ရင်ဘောင်တန်းရုံမက လွတ်လပ်ပွင့်လင်းစွာ လောကကြီးမှာ နေချင်သလို နေတတ်သူ ဖြစ်လေရာ တော်ရုံယောကျ်ားများ သြချယူရချိမ့်မည်။

ဘဝက အသိကို ပေးခဲ့သည်တဲ့။ ဟုတ်ကဲ့။ မှန်ပါပေရဲ့။

ဘဝအတွေ့အကြုံ အဖုံဖုံဖြင့် စုံတိုင်းလည်း အသိဟူသော အမြတ်ရှိနိုင်သည် မဟုတ်။ တောင်တိုင်းမှာ ပတ္တမြား မရှိသလို အတွေ့အကြုံဖြင့် ထုံနေပြီဖြစ်သော မိန်းမတိုင်းမှာလည်း အသိဉာဏ် ပွင့်လင်းမလာစကောင်းချေ။

အထူးသဖြင့် မဝါလို မိန်းမငယ်မျိုးက လောကကို ပေါ့ပေါ့တန်တန် မြင်တတ်သူမို့ ဦးနှောက်ထဲမှာ ဗလာ။


mgyoe.com

mgyoe.com

ဒါကြောင့်ပင် သူ့မှာ ဘယ်တော့ကြည့်ကြည့် အပြုံးအရွှင် လျော့ပါးသည်မရှိ။ ထိုဖြစ်မှုလည်း နာရစကောင်းမှန်း မသိ။ သိတတ်သူ ကိုယ့်မှာသာ သူ့ကိုယ်စား နာကြည်းလိုက်ရသည့် ဖြစ်ခြင်း။

နှမတခု မောင်တခု ဘဝဖြင့် လူလားမြောက်လာခဲ့ရသူမို့ မဝါကို နှမချင်း စာနာမိတာလည်း ပါသည်။

သည့်လောက်လှသည့် သားကောင်၊ သည့်လောက်နုသည့် သားကောင်၊ သည့်လောက်သွက်လက်ပွင့်လင်းသည့် သားကောင်ကို မုဆိုးမလုပ်ကြံရက်တာကလည်း မှန်သည်။

တကယ်တော့ သည်ဇာတ်မှာ ရဲလွင်က လေးပစ်သူ မုဆိုးတည်း။

သို့သော် သားကောင်က မဝါမို့ လိုလားစေစားသူ ဆရာလွမ်းဝေကို မုဆိုးရဲလွင် သစ္စာဖောက်ခဲ့ရသည်။

အကယ်၍ သစ္စာဖောက်ခြင်းသည် အကုသိုလ်ဖြစ်မည် ဆိုဦးတော့ သားကောင်ကို ကယ်တင်အပ်သော ကုသိုလ်ကောင်းမှုနှင့်စာလျှင် ဆယ်ဖို့ တဖို့မျှပင် ရှိအံ့မထင်။ ရဲလွင် ကျေနပ်သည်။

အစတုန်းကတော့ ဆရာလွမ်းဝေမှာချည်း အပြစ်ရှိသည် မထင်ခဲ့။ လူတွင်ပါ၍နွားကျားကိုက်ရသည်။ မိန်းမကိုကလည်း လျော့ရဲနိုင်လွန်းသည်ဟု။

မိန်းမက စခဲ့သည့် ဇာတ်ကိုတော့ ရဲလွင် သေသေချာချာ သိသည်။ ဆရာလွမ်းဝေကို စိတ်ဝင်စားသည်။ မိတ်ဆက်ကျွမ်းဝင်လိုသည်။ ပြီးတော့ ဆရာလွမ်းဝေ ဝတ္ထုတွေထဲမှာ ဇာတ်လိုက်မင်းသမီးအဖြစ် ထည့်အရေးခံလိုသည့် ခပ်ရဲရဲကောင်မကလေးတွေထဲမှာ မဝါ ထိပ်ဆုံးက ပါခဲ့သည်။

လူချင်း မတွေ့ဖူးခင်ကတော့ ဆရာလွမ်းဝေကဲ့သို့ပင် ရဲလွင်ကလည်း တယ်ပြီး စိတ်ဝင်တစား မရှိလှ။ ခင်ဝင့်ဝါဆိုသည့် နာမည်ကလည်း တယ်ပြီး ထူးခြားလှုပ်ခတ်စေလှသည်မဟုတ်။ သည်ခေတ်ကြီးမှာက နာမည်အပျံစား မှည့်တိုင်း လူက လိုက်နိုင်စွမ်းသည်မဟုတ်။ နာမည်တခြား၊ လူတခြား။ နာမည်က လူကို စီးသည် ဆိုခြင်းမှာ ဟုတ်ရောထင့်။ ရှာရှာဖွေဖွေ အပျံစား အမှည့်စား ရာဇဝင်ထဲက ထိတ်ထိတ်ကြဲ နာမည်တွေ ရွေးထုတ်မှည့်ထားပြီ ဆိုလျှင် အထူးလေ့လာကြည့်။ များသောအားဖြင့် ဥပမိရုပ်တွေက စုတ်စုတ်ပြတ်ပြတ်ချည်း။


mgyoe.com

သည်တော့ ခင်ဝင့်ဝါဆိုပေမဲ့ ပိန်ညှော်ကုတ်ချည့်ကလေး ဖြစ်ကောင်း ဖြစ်မည်ဟု တွက်ဆပြီးဖြစ်သည်။

မမျှော်လင့်ဘဲ၊ မချိန်းမဆိုဘဲ ပုံနှိပ်တိုက်မှာ ပြုန်းခနဲ မဝါ ရောက်လာခဲ့ပြီး -

"ကျွန်မ ခင်ဝင့်ဝါပါ ဆရာ"

ဟု ဆိုတော့မှ...

*

"အပျံစားပါလား"

ဟု ရဲလွင်က အံ့သြမိပြီး ဆရာလွမ်းဝေကတော့ -

"လှချက်က ရက်စက်တယ်"

ဟု အညာလေနှင့် ဆိုလေသည်။

အဲသည်လောက်ကြီး လှတာတော့ မဟုတ်ပါဘူး။ အခြယ်အလှယ် အမွမ်းအမံတွေ များအားကြီးတော့ ကြွေသုတ်ထားတဲ့ ရွှံ့ရုပ်ပုံတောင် ပေါက်နေသေးတယ်ဟု ရဲလွင်က တွေးသည်။ ဆင်ယင်ထုံးဖွဲ့ကတော့ တကယ့်အပျံစားပါပဲ။ ပြီးတော့ သွက်လက်လွန်းသည် ထင်၏။ မလိုတမာစိတ်နှင့် ပြောရလျှင် ကလက်သည့်ဟန်ပန်။

တထိုင်တည်းမှာပင် ဆတ်ဆလူးစိန်ဟု ကင်ပွန်းတပ်ချင်စိတ်ပေါ်သည်။ တကိုယ်လုံး သိမ့်သိမ့်ခါအောင် ရယ်တတ်ပုံတွေ၊ မဝါကလေ မဝါကလေနှင့် တောင်စဉ်ရေမရ စကားတွေကို စီစီလှုပ်အောင် လေဆက်မပြတ် ပြောတတ်ပုံတွေ၊ ညာဘက်ပေါင်ရင်း ထဘီဖုံ့ အစပ်မှာ ဂုံညင်းဒိုးခန့်ရှိသော ကျောက်နီရင်ထိုး ဝိုင်းဝိုင်းကြီး ချိတ်တွယ်ထားပုံတွေ ရဲလွင် မျက်စိထဲမှာ ထိုးထိုးထောင်ထောင် မြင်နေရသည်။ ရဲလွင်နားထဲမှာ ရှုတတ ထောင့်တောင့်တောင့်ကြီး ကြားနေရသည်။

အရွယ်ကလည်း ဆယ်ကျော်သက် ဆိုလျှင်ဖြင့် တမျိုးချစ်ဖွယ်ကောင်းဦးမည်။ ခုတော့ ခန့်မှန်းရသည်မှာ နှစ်ဆယ်ကျော် အစိတ်ပိုင်း။

မိန်းမအကြောင်း ကျွမ်းကျွမ်းကျင်ကျင် နားလည်သူ မဟုတ်ပါဘဲ လျက် မဝါကို မြင်မြင်ချင်း ဘဝင်မကျသော ခံစားချက်မှာ တနွံ့နွံ့ ပွားနေ၏။



mgyoe.com

mgyoe.com

မျက်တောင်တခတ် လျှပ်တပြက်ကြာမျှ မြင်တွေ့ရရုံနှင့် သရော် စော်ကားချင်စိတ် ပေါက်စေသော မိန်းမမျိုးလည်း ရှိပါကလားဟု သိရသည်။

တကယ်ပင် မဝါကို မြင်ရလျှင် ဘယ်သူမှ လေးစားရိုသေချင် တော့မည် မဟုတ်။ ဖင်ပုတ်ခေါင်းပုတ် မထိခလုတ် ထိခလုတ်ဖြင့် ပြောချင်ရာ ပြော၍ ဖြစ်မည်ကို ချက်ချင်း နားလည်စေသည်။

"ဆရာ့ကောင်မလေးကလည်း တယောက်တည်းနဲ့ ရှုပ်ယှက် ခတ်နေတာပဲ"

ဟု မဝါကွယ်ရာမှာ မနေနိုင် မထိုင်နိုင် ပြောမိသေး၏။

ဆရာလွမ်းဝေက ထင်မြင်ချက် တစုံတရာ မပေးဘဲ ပြုံးနေရစ်သည်။ ကိုယ့်အရင် ရင့်ကျက်နှင့်သူ ဆရာသမားတဦး၏ အပြုံးကို ရဲလွင် နားမလည်။ သို့သော်လည်း ပြုံးပုံက ဖြစစ်ပိန်သည် ထင်၏။

မသမာစိတ်နှင့် ကပြက်ကချော်စိတ်တို့ ရင်ထဲမှာ ထွေးလုံးရစ်ပတ် ဖွံ့ဖြိုးရာက ပွင့်လာသော အပြုံးဖြစ်မှာပဲဟု ယောကျ်ားစိတ်ဖြင့် သိသည်။ သည်စိတ်မျိုး ရဲလွင်ကိုယ်တိုင်ကလည်း မခံစားဖူးမဟုတ်။ ခံစားပေါ်ပေါက် ဖူးသည်။ သို့သော် ကိုယ့်ဘာသာ မကျေနပ်ခဲ့တာက အမှန်ပင်။ ချိုးနှိမ်ပစ်ဖို့၊ ဖျောက်ဖျက်ပစ်ဖို့ ရုတ်ခြည်း သတိရသည်။

ဒါကလည်း ရိုသေလေးစားဖွယ်သော မိန်းမတယောက်နှင့် အနီးကပ် နေထိုင်ခဲ့ရသော လူငယ်တယောက်အဖို့ ဖြစ်ရိုးဖြစ်စဉ်။ မမသက်၏ အုပ်ထိန်းမှု အောက်တွင် ရဲလွင်သည် အရာရာကို အလွန်အကျွံ မဖြစ်အောင် ချုပ်ထိန်းဖို့ ကျင့်သားရခဲ့သည်။

"မိန်းမဝါဒတွေ ရိုက်သွင်းပြီး နင့်ကို မိန်းမလျာလေးဖြစ်အောင် လုပ်နေတယ် မမှတ်နဲ့ ရဲလွင်။ ချုပ်တည်းစောင့်စည်းနိုင်တယ်ဆိုတာ လူ့တန်ဖိုး။ မိန်းမနဲ့ချည်း ဆိုင်တာ မဟုတ်ဘူး"

မမသက်ကတော့ သောကကိုလည်း ထိန်းနိုင်သည်။ ဒေါသကိုလည်း ထိန်းနိုင်သည်။ သောကဖြင့်လည်းကောင်း၊ ဒေါသဖြင့်လည်းကောင်း မမသက် ဆောက်တည်ရာမရ ပေါက်ကွဲသည်ရယ်လို့ မတွေ့စဖူး။ မိဘနှစ်ပါး ဆုံးပါးပြီး မမသက် လက်ပေါ်မှာ လူလားမြောက်ခဲ့ရသည့် ဘဝ၊ လူမှန်းသိစက စတင်ပြီး မမသက်ကို ရိုသေခဲ့သည်။ မရိုက်နှက် မခြောက်လှန့်ဖူးပါဘဲနှင့် ရဲလွင် မမသက်

mgyoe.com

ကို ပြင်းပြင်းထန်ထန် မလွန်ဆန်ဝံ့။ မမသက် ဆိုဆုံးမစကားတို့ကို ဆန့်ကျင်ဖို့ မလွယ်ကြောင်း သိသည်။ တရားသဖြင့် အုပ်ချုပ်သူကို မထီမဲ့မြင် မပြုဝံ့။

မမသက်၏မောင်မို့ ရဲလွင်က မဝါကို ဘဝင်မကျ။ ဆရာလွမ်းဝေနှင့်တော့ ဆန့်ကျင်ဘက် ဖြစ်လာသည်။ ဆရာလွမ်းဝေသည် မဝါအကြောင်း စကားစပ်မိတိုင်း ပြည့်တည်တည် ဖြစ်စပ်စပ် အပြုံးနှင့်။

"ကောင်မလေးက ပွင့်လင်းတာကွ။ ငါတော့ အဲဒီလို ပွင့်ပွင့်လင်းလင်း သွက်သွက်လက်လက်ပဲ ကြိုက်တယ်"

"ဟုတ်ပါတယ် ဆရာရဲ့။ ကျွန်တော်လည်း ကြိုက်ချင်တာပါပဲ။ ကျွန်တော်တို့ ယောကျ်ားတွေဆိုတာ တရာမှာ ကိုးဆယ့်ကိုးက ဒါမျိုး မကြိုက်ဘဲ မနေနိုင်ဘူး။ ဒါပေမဲ့ ဟိုဝတ္ထုမျိုးတွေ ခိုးဖတ်ရသလိုပါပဲ ဆရာ။ ကြိုက်တာကို လူသိမခံဝံ့တဲ့ ကြိုက်နည်းမျိုး"

"မင်းကကွာ"

ဟု ဆိုရင်း ဆရာ့မျက်နှာ ရဲရဲနီသည်လို သတိထားမိသည်။

"ဟုတ်တယ် ဆရာရဲ့။ ကြိုက်တာပေမဲ့ မြတ်မြတ်နိုးနိုး ကြိုက်တာနဲ့ အငမ်းမရ ကြိုက်တာ ကွာသေးတာကိုး။ ကျွန်တော် ယုံပါတယ်။ မမညွှန့်ကို ဆရာ အငမ်းမရ ကြိုက်ခဲ့မယ် မဟုတ်ဘူးဆိုတာ"

ကိုယ့်ဆရာအကြောင်း ကိုယ်သိသည်မို့ ရည်ရွယ်ချက်နှင့် တမင်ပင် ဖွတ်တိုးပြောခဲ့သည်။

မမညွှန့်မျက်နှာ၊ ကလေး လေးယောက် မျက်နှာကို ထောက်ထား၍ တရံဆံ မိန်းမသားအပေါ် မနောကံမှသည် ဝစီကံ၊ ထိုမှတဆင့် ကာယကံ မြောက် မဖောက်ပြားဖြစ်အောင် ထိန်းသိမ်းသင့်သည် ထင်၏။

"ခင်ဝင့်ဝါက စာသိပ်ဖတ်တာကွ။ ငါ့စာအုပ်တွေဆို အကုန်ဖတ်ဖူးတယ်။ ဖတ်ပြီး ကြိုက်လည်း ကြိုက်တတ်တယ်"

"ဟုတ်မှာပေါ့ ဆရာ။ ကြိုက်တာတော့ ကြိုက်တတ်မှာပေါ့"

အရေးစိုက်ချင်စိုက် မစိုက်ချင်နေ။ ငေါ့တော့တော့ လေသံကိုလည်း မဖုံးမိချင်တော့။ ဆရာလွမ်းဝေ၏ မနောကံ၊ ဝစီကံ ဖောက်ပြန်မှုကို ရဲလွင် အားပေးအားမြှောက် မပြုဘူးဆိုတာ ပေါ်လွင်သိသာစေဖို့ပဲ လိုသည်။

*


mgyoe.com

mgyoe.com

ကြိုက်တာတော့ ရဲလွင်လည်း ကြိုက်တတ်ပါသည်။ ဆရာလွမ်းဝေ စာတွေကို ရဲလွင်လောက် ကြိုက်ဖူးသည့်ကောင် မရှိနိုင်ဟု ပြောဝံ့သည်။ ဘာတွေဘယ်လို ကြိုက်သလဲ ဆိုတာကိုလည်း ရဲလွင်လောက် ဘယ်သူမျှ စနစ်တကျ ပြောပြတတ်မည် မဟုတ်ဘူး ထင်သည်။

ဆွတ်ပျံ့လွမ်းမောဖွယ် ဝတ္ထုတွေထဲက စကားလုံး အနုအလှတွေကို ဆရာက ပန်းလို သီနိုင်စွမ်းလေသည်။ မမသက်ကတော့ တမင် အနုအလှတွေ သုံးတာဟု ဆိုကာ အဲဒါမျိုး တန်ဖိုးမရှိလှဘူး။ အသုံးချအနုပညာပစ္စည်းလို့ မခေါ်ဘူးဟု အထင်မကြီးချင်ဟန် ရှိသည်။

စကားလုံး အနုအလှဆိုတာ ဝတ္ထုကောင်းတပုဒ်မှာ ပစ်ပုံအားကိုး လောက်တဲ့ ကုန်ကြမ်းမဟုတ်ဘူး။ ရေရှည်လည်း မခံဘူး။ အစဉ်ပြောင်းလဲ မြန်ဆန်နေတဲ့ ခေတ်ရေလျဉ်မှာ လှပေ့ ဆန်းပေ့ဆိုတဲ့ စကားလုံး အနုအလှ အဖွဲ့အနွဲ့ဆိုတာ ဆယ်စုနှစ်တခေတ်တောင် မတည်တံ့နိုင်ဘူးတဲ့။

မမသက်က ဒဿနိကဗေဒဖြင့် ဘွဲ့ယူပြီးဖြစ်သည့် အလယ်တန်းပြ ဆရာမ။ ရဲလွင်က ဆယ်တန်း (ခ) နှင့် တခါအောင်ဖူးပြီးနောက် လေးကြိမ် ဆက်တိုက်ကျကာ စိတ်လေနေသည့် ဟိုမရောက် သည်မရောက် အကောင်။

မမသက်ပြောသော စကားတိုင်းကို ရဲလွင် ပြည့်ပြည့်ဝဝ သဘော ပေါက်နိုင်သည် မဟုတ်ပေ။ မောင်နှမ နှစ်ယောက်လုံး စာပေဝါသနာပါပုံချင်း တူညီကြသော်လည်း ရွေးချယ်ရာမှာတော့ ကြီးစွာ ကွဲလွဲမှု ရှိကြသည်။ မမသက် က တမျိုး။ ဇာတ်လမ်း မည်မည်ရရ မရှိသော၊ စကားပြော လုံးဝ မပါသော ငြီးငွေ့ဖွယ် စာတန်းရှည်ကြီးလို ရေးထားသည့် ဝတ္ထုမျိုးကိုမှ ကြိုက်ချင် ကြိုက်တတ်ပြန်သည်။

အတွေးအခေါ်တို့၊ လောကအမြင်တို့၊ ဦးတည်ချက်တို့ ဆိုသည့် စကားလုံးမျိုးကို မမသက်ထံမှတဆင့် ရဲလွင် ကြားဖူးရသည် ဖြစ်ကာ သဘော မပေါက်တပေါက် ရှိနေသေး၏။

သို့သော် သည်စကားလုံးတွေမှာ ဆရာလွမ်းဝေတို့ဆီ ရောက်ပြန် တော့ နှစ်ပြားသားမျှ အဖိုးမတန်တော့ချေ။

ရဲလွင်ကမူ ဝတ္ထုဆိုလျှင် လှုပ်လှုပ်ခတ်ခတ် ခံစားရမှ ကြိုက်ချင်သည်။ စကားလုံးလှလှ၊ စကားပြောပိုင်ပိုင်၊ ဇာတ်လမ်း အလှည့်အကွေ့ ကောင်း

mgyoe.com


ကောင်း။ သို့မဟုတ်လျှင် ဆရာလွမ်းဝေတို့လို ရင်ထဲ နင့်သွားအောင် ထိခိုက်စေမည့် ခံစားမှု ဝတ္ထုမျိုးမှ။

အကြိုက်ချင်း ကွဲလွဲကြပြီ ဆိုတော့လည်း မောင်နှမနှစ်ယောက် စာအုပ်အကြောင်း၊ စာပေအကြောင်း တရင်းတနှီး ဆွေးနွေးဖြစ်သည်ရယ်လို့ မရှိတော့။ ကိုယ်ကြိုက်ရာစာအုပ် ကိုယ်ရှာဖတ်ပြီး ကိုယ့်အတွေးနှင့်ကိုယ်၊ တအိမ်တည်းမှာပင် တသီးတခြား ဖြစ်စပြုသည်။ အတွေးအခေါ် အယူအဆချင်းလည်း ကွာခဲ့ပြီ။ ဟိုတုန်းကလို ဘာမဆို ပွင့်လင်းရဲဝံ့စွာ ဖွင့်ဟထုတ်ပြောတတ်သော၊ အစ်မအပေါ် နွဲ့ဆိုးဆိုးတတ်သော မောင်မျိုးလည်း မဟုတ်တော့ပြီ။

'ချစ်တတ် လွမ်းတတ်တဲ့ ပုထုဇဉ်' ဟူသော ဆရာလွမ်းဝေ့ ဝတ္ထုတပုဒ်ကိုဖြင့် ရဲလွင် တော်တော်ကြိုး သဘောကျသည်။ ရဲလွင် မဖတ်ဖူးသော ပျို့ကဗျာ၊ ရှေးဟောင်းစာပေတွေထဲက အလှအပလေးတွေ ဖတ်ရတော့ ဆရာလွမ်းဝေ ဝတ္ထုတွေကို လက်လွှတ်လို့ မဖြစ်ဘူး ထင်၏။

"မြင်လည်း မြင်ရှု<br>ကြုံလည်း ကြုံသစ်<br>တွေ့ဦးဖြစ်၍<br>သနစ်သနာ<br>လျှောက်ဖွယ်သာကို<br>ခါခါဖန်ဖန်<br>မေ့ချန်သတိ၊ မလျှောက်မိခဲ့" တဲ့။

နဝဒေးလား၊ နတ်သျှင်နောင်လား၊ မမှတ်မိတော့သော စာဆို၏ ကဗျာတပိုင်းတစ ဖြစ်ကြောင်း ဝတ္ထုဇာတ်လိုက်က ရှင်းပြထားသည်။ ဇာတ်လိုက်ကောင်မကလေးကို တော်တော်နှင့် ရည်းစားစကား ပြောမထွက်နိုင်သော ကောင်ကလေး၏ ခံစားချက်မို့ ရဲလွင် သိပ်ကြိုက်နေလေသည်။

ပြီးတော့ တင်နီဆင်နှင့် ဂျွန်ကိစ်တို့ရဲ့ ဆွတ်ပျံ့ဖွယ် အချစ်ကဗျာကလေးတွေလည်း တပိုင်းတစ မြည်းစမ်းဖူးခွင့်ရသည်။ ခရစ္စတင်းနားရိုတက်တီတို့၊ ရောဘတ်ဘရောင်နင်တို့ ကဗျာတချို့ကိုတော့ 'ဂိုးလ်ဒင်းထရယ်ရှာရီ'ဆိုသည့် စာအုပ်မှ ဖတ်ပြကြောင်း ဝတ္ထုဇာတ်လိုက်က ရှင်းပြသည်မို့


mgyoe.com

mgyoe.com

မမသက် စာအုပ်စင်မှာတွေ့ဖူးသည့် ထိုအင်္ဂလိပ်ကဗျာစုကို အပူတပြင်း ရှာရပြန်၏။

ဆရာလွမ်းဝေ ကျေးဇူးကြောင့် သိသင့်၊ ဖတ်သင့်သည့် စာကောင်းပေမွန်တွေကို ရှာဖွေတတ်လာသည်ဟု အတိုင်းမသိ ကျေးဇူးတင်ကာ ဆရာ့ကို အနီးကပ် ဆည်းကပ်ဖို့ ကြိုးစားခဲ့ခြင်း ဖြစ်လေသည်။

ဝတ္ထုနှင့် ဝတ္ထုရေးသူ ဆက်နွယ်ပတ်သက်ပုံကို အနီးကပ် လေ့လာခွင့်ရသော ကာလများဟု ဆိုရပေမည်။

ဝတ္ထုရေးသူ၏ စရိုက် သုံးပုံတပုံခန့်မှာ သူရေးသော ဝတ္ထုများတွင် သိသိသာသာ ပါဝင်ရောယှက်လျက် ရှိပါကလားဟု ရဲလွှင် သတိထားမိလာ၏။

ဆရာလွမ်းဝေဆိုတာ သူ့ဝတ္ထုတွေထဲက ဇာတ်လိုက်တွေလို သမုဒယ တရားဒေသနာကို အနုအလှ စကားပဒေသာ ဆင်လေ့ရှိသည့် လူစားပါပဲ။ တခုရှိသည်က ဝတ္ထုထဲမှာ ဇာတ်လိုက်က နုနုနယ်နယ် ပျိုမျစ်ရွယ်တွေမို့ အရွယ်နှင့်စရိုက် သဟဇာတ ညီညွတ်သည်။

တကယ့်အပြင်မှာကျတော့ ဆရာက အသက်လေးဆယ် ဝန်းကျင်။ ဒုတိယအရွယ်၏ ရုပ်လက္ခဏာသည် ထင်းထင်းကြီး သိသာလျက်။ ဝဝဆူဆူ ခန္ဓာအချိုးအဆက်ဖြင့် ဗိုက်ခေါက်လည်း စူ၊ မေးနှစ်ထပ်လည်း ပြူခဲ့ပြီ။ ခေတ်အလျောက် ကုပ်ထောက်ဆံပင်ကို ဖွားရရားထားသည့်တိုင် ကျွတ်စဆံပင်တို့သည် ကျဲတိကျဲတောက်နှင့်။ ဦးရေပြားကို လုံအောင် ဖုံးမရချင်။ နဖူးပြင်သည် ငယ်ထိပ်နှင့် ဆက်စပ်လျက်ရှိပြီ။

သည်ပုံကြီးက အနုအလှတွေ၊ သမုဒယတွေ ပြောပြောနေသည်ကို နားထောင်ရပြန်တော့ နားထဲမှာ ဗီလာ။ ဂေါ်ဇီလာ ယိုးဒယား ကသည်ကို ကြည့်ရသလို တကယ့်ကို ရယ်စရာ။

ပြီးတော့ သိမ်မွေ့အေးဆေးသော လင်သားကို ရိုကျိုး၍ သားသမီးကို မြတ်နိုးချစ်ခင်တတ်သော ဒေါ်ညွှန့်ညွှန့်တင်၏ အသွင်အလျာ စရိုက်သဘာဝမှာ ဆရာလွမ်းဝေ၏ဝတ္ထုတွေနှင့် လမိုင်းကပ်နိုင်ပါ့မလားဟု သံသယဖြစ်ဖွယ် တွေ့လာသည်။

ဒေါ်ညွှန့်ညွှန့်တင် ရှေ့မှာသာ ဝတ္ထုထဲကလို သမုဒယ အနုအလှတွေ ဆိုပွဲနေမည် ဆိုလျှင် အရှိသေတန်ဖွယ်သော လင်သားသာ ဖြစ်ချိမ့်မည်။


mgyoe.com

mgyoe.com SAMPLE BOOK

အထက်တန်းရောက်နေကြပြီ ဖြစ်သည့် ဆရာ့သားနှင့် သမီးကရော မည်သို့ သဘောထားလာကြမည်လဲဟု စိုးရိမ်စရာ ရှိသည်။

"အနုပညာသမား ဆိုတာ အစဉ်နုပျိုနေဖို့ အရေးကြီးတယ်ကွ။ အိမ်ထောင်သည်ပေမဲ့ အိမ်ထောင့်ကိစ္စထဲမှာချည်း ဝဲလည်နေရင် နစ်မွန်းဖို့ပဲ ရှိတယ်။ ကိုယ်တော့ တံစက်မြိတ်က လွန်ရင် ကိုယ့်ကိုကိုယ် ဆယ့်ခုနစ်နှစ် သားလို သဘောထားလိုက်တာပဲ"

ဆရာလွမ်းဝေက သူ့ခံယူချက်ကို မြွက်ကြားရင်း 'ဆယ်ဗဲင်တင်းန်' တေးသွားအလိုက် လေချွန်နေသေး၏။

ဆရာ အိမ်မှာ အနေနည်းသည်ကို သိသည်။ ရုံးတာဝန်နှင့် စာပေ ကိစ္စ နှစ်ရပ်ကြားမှာ အလုပ်များလှသည်ကို အကြောင်းပြကာ အိပ်ရုံမျှကာ အိမ်မှာ နေတတ်တော့သည်။

အိမ် မခင်သော ယောကျ်ားတို့ ထုံးစံအတိုင်း အိမ့်ပြင်မှာ လေပွေတော့ သွမ်းလို ဆော့သရမ်းတတ်သော ဆရာ။

*

မဝါနှင့် ဆုံပြန်တော့ ဆရာသည် တစခန်း ထပြန်သည်။

ခရီးသွားဟန်လွှဲ မဟုတ်တော့ဘဲ အတည်တကျထားဖို့ ရည်ရွယ် လာသည်။

ဆိုခဲ့ပါပြီ။

မိန်းမကိုကလည်း မိန်းမ။

တဖက်က မကျတောင် သူကပင် စ ချင်ပုံမျိုး။ ဖြစ်ချင်ရာ ဖြစ်ရော့ဟု ရဲလွင် လွှတ်ထားလိုက်သည်။

မိမိဘက်က တာဝန်ကျေခဲ့ပြီ။ တပည့်တယောက်အနေနှင့် ပြောရေး ဆိုခွင့် အတိုင်းအတာ ကုန်အောင် သတိပေးခဲ့ပြီ။

မိန်းမကိုကလည်း လိုလိုလားလား လိုက်လျောဟန် ရှိနေသည်မို့ ကိုယ့်ဇာတ်ကို နိုင်အောင် ကပေရော့ဟု ဆရာ့ကိုပါ လွှတ်ပေးလိုက်သည်။ ရန်ကင်းမှာ တိုက်ခန်းရှာပေးထားပြီး ထောက်ပံ့ကြေးပါ အလုံအလောက် ပံ့ပိုး သည်မို့ မိန်းကလေးလည်း မနစ်နာဟု တွက်သည်။


mgyoe.com

mgyoe.com

တဖက်က မမညွှန့်တို့မိသားစုမှာလည်း အခြေမပျက်။ ဆရာလွမ်းဝေ တို့ သေသေသပ်သပ် ရှိလိုက်သည်မှာတော့ မဝါနှင့် ဖြစ်ပျက်သည့် ကိစ္စကိုပင် မမညွှန့်ရေရေရာရာ မသိလိုက်ဘူး ထင်သည်။ ကိုယ့်ကိုကိုယ် လိပ်ပြာလုံသူတို့ မည်သည့် တဖက်သားအပေါ် ယုံကြည်စိတ်ချစမြဲ။ မသမာသူ အဖို့မှာသာ သံသယကို အစဉ် ဖက်တွယ်တတ်ရိုး မှန်သည်။

ရဲလွင်ကတော့ ဆရာလွမ်းဝေ ဘာတွေပဲလုပ်လုပ် အားလုံးအပေါ် တာဝန်ကျေသူအဖြစ်နှင့်ပင် ကျေနပ်လောက်ပြီဟု ယူဆ၏။

"ခင်နှင့်တွေပြီးမှ ပိုပြီး အားတက်လာတာကွ။ စာရေးဆရာ အတွေ့ အကြုံသစ်တွေ ရတယ်။ နုပျိုတဲ့အချစ်ကို ခံစားရတယ်။ ဟဲ ဟဲ ခင်ကမှ ကိုယ့် ပါရမီဖြည့်ဖက်"

ဟဲ ဟဲ ဆိုတာကြီးကို ရဲလွင် နားထောင် မကောင်းလှသော်လည်း ဆရာလွမ်းဝေ စာရေးစရာတွေ ပိုရလာပြီ ဆိုသည့်အတွက် ဝမ်းသာရသေး သည်။

ပြောသည့်အတိုင်းပင် ဆရာက စာမူတွေကို ဟောတအုပ် ဟော တအုပ် ရေးထုတ်ပြခဲ့သည်။ နာမည်ကြီးသထက် ကြီးပြန်တော့ တလတည်း ထိပ်တိုက် နှစ်အုပ်ထွက်တာမျိုးတွေပင် ရှိလာ၏။

မှန်ရာ ဝန်ခံရလျှင် ရေးသူကို ဖတ်သူကပင် လိုက်လို့ မမီနိုင်တော့ပြီ။ ရဲလွင်ပင်လျှင် ဆရာ့ဝတ္ထုတွေကို ကုန်အောင် မဖတ်နိုင်တော့။

ဖတ်မိသမျှမှာလည်း တဇာတ်နှင့် တဇာတ် မထူးခြားလှတာတွေ၊ စကားလုံး အပ်ကြောင်းထပ်တာတွေ သတိထားဖြစ်လာသည်။ ဖတ်ချင်စိတ်ကို မလှုံ့ဆော်နိုင်တော့ပြီမို့လား မသိ။ မဖတ်နိုင်ဘူး ဆိုတာထက် မဖတ်ဖြစ် တော့ဘူး ဆိုလျှင် ပိုမှန်ချိမ့်မည်။

များလွန်းတော့ ဟုံသည်။ ဆရာ့ဝတ္ထုတွေ ပရိသတ်ကြားမှာ ဟုံနေ ပြီဟု သတိပေးချင်ပါ၏။ သို့သော် ဆရာ့မှာက ပြဿနာတွေနှင့်။

*

အတွေ့အကြုံ ရှာသည်။ အပန်းဖြေသည် ဟူသော အကြောင်းပြချက် များဖြင့် မဝါနှင့် နှစ်ယောက်တွဲပြီး သုံးစွဲရသော အဖြုန်းစရိတ်မှာ မမညွှန့်တို့

mgyoe.com SAMPLE BOOK
မိသားစု အသုံးစရိတ်ထက် လေးပြန်မက ရှိမည်ထင်၏။ ဒါတွေအတွက် စာရေးရန်မှတပါး ဆရာလွမ်းဝေမှာ ထွက်ပေါက် မရှိနိုင်ပြီ။

ရဲလွင် ဆရာကောင်းတပည့် ပီသခဲ့ပါသည်။

ထုတ်ဝေသူနှင့် စာချုပ် ဖောက်ဖျက်သည် မမည်ရအောင် ဝိနည်းကိုလွတ်အောင် ရှောင်ကာ ထုတ်ဝေသူအသစ် စပ်ပေးခဲ့သည်အထိ ဆရာ့အတွက် ရဲလွင် စွန့်စားခဲ့သည်။

တချိန်တည်းမှာပင် ဆရာလွမ်းဝေ နေဝင်ချိန် နီးပြီကို တင်ကြို ရိပ်စားမိခဲ့သည်။

ပန်းသတင်း လူချင်း ဆောင်လေသည်။

သိသိသာသာကြီး အပ်ကြောင်းထပ်၍ ဟုံနေပြီဖြစ်သော ဆရာ့စာအုပ်များ လမ်းဘေးအဟောင်းဈေးမှာ အစည်းလိုက် တွေ့တတ်လာသည်။ ထုတ်ဝေသူကို ဘာမျှ ပိုးစိုးပက်စက် အဟောင်းချရပါမည်လားဟု ရဲလွင် ကိုယ်တိုင် ချဲမိသေးသည်။

ပုံနှိပ်စက်ကပဲ ခိုးရိုက်ထားသလိုလို၊ စာအုပ်ချုပ်ဌာနကပဲ ခိုးထွက်လာသလိုလို၊ ဟိုလိုလို၊ သည်လိုလိုနှင့် မရေမရာ ကျေနပ်ခဲ့ရသည်။

တကြိမ်က နှစ်ကြိမ်၊ သုံးလေးကြိမ် ဖြစ်လာတော့ ထုတ်ဝေသူက လေသံပြောင်းစ ပြုလာ၏။

"စောင်ရေ လျှော့ရိုက်ဖို့ကျတော့ ခင်ဗျာ့ဆရာက သဘောမှ မတူဘဲ ကိုးဗျ။ နယ်အမှာစာတွေ ဘယ်လောက်ကျနေသလဲဆိုတာ ခင်ဗျားကိုယ်တိုင် လာကြည့်။ တဝက်တောင် မကုန်ဘူး ဆိုတော့ အဟောင်းမချရင် ကျုပ်က ဘာလုပ်ပစ်ရမှာလဲ။ ဒါတောင် ပြန်ရတာက ခြောက်ပြားတပဲ"

"ဒါလောက် ရုပ်ပျက်ဆင်းပျက်တော့ မချသင့်ဘူးပေါ့ဗျာ။ အဟောင်းဈေးနဲ့ နယ်အမှာ ပြန်ခေါ်တယ်ဆို တော်သေးရဲ့။ ခုတော့ ရန်ကုန်လမ်းဘေးမှာ အစည်းလိုက်ကြီးတွေ တွေ့နေရတယ် ဆိုတော့ ခင်ဗျား စဉ်းစားကြည့်"

"အိုး ဒါက ကျုပ်နဲ့ မဆိုင်ဘူးလေ။ ကျုပ်လက်ထဲက ထွက်ပြီးမှ အဟောင်းဈေးကွက်မှာ ဖြစ်တာပျက်တာကတော့ သူ့အတိုင်းအတာနဲ့သူပဲ။ ဒါမျိုး မဖြစ်စေချင်ရင် ကျုပ် ပြောသလို စောင်ရေလျှော့။ ဒါပဲ။ ဆရာလွမ်းဝေက စာအုပ်တွေ သိပ်ထပ်လွန်းနေပြီ။ လူတွေ ငြီးငွေ့ကုန်ပြီ"


mgyoe.com

m gyoe.com

ဟုတ်သင့်သလောက် ဟုတ်ပေမဲ့ ကျချိန်မှာ သည်လောက် ရက်ရက်စက်စက် မပြောသင့်ဟု ထင်သည်။ စီးပွားဖက်အဖြစ် နှစ်ပေါင်းရှည်ကြာ ဆက်ဆံလာခဲ့ဖူးကြပြီ။ လွမ်းဝေ၏ ဉာဏလုပ်အားဖြင့် အဆီတထပ် အသားတထပ်လည်း တိုးပွားခဲ့ပြီ။ အကြောင်းကြောင်းသော ထောက်ထားစရာများဖြင့် ဝိုင်းဝိုင်းဝန်းဝန်း ထိန်းထိန်းသိမ်းသိမ်း လုပ်ကြဖို့ သင့်မည်ထင်သည်။

အဆင်းလမ်းမှာ ဘီးတပ်လွှတ်သည့်အဖြစ်မျိုး တွေ့ကြုံရတော့ ကျသူမှာ မရှုမလှ။

စောင်ရေ လျော့ပြီဆိုတော့ ထုံးစံအတိုင်း ရာခိုင်နှုန်းကြေးကလည်း လျော့လာသည်။ ဆရာလွမ်းဝေကိုယ်တိုင် ရေးအားကလည်း ကျဆင်းလာသည်။ အဖြစ်က မှောင်ထဲမှာ မီးပွားလွင့်သလိုပါပဲ။

သို့ဖြင့် ပရမ်းပတာ အပွင့်ကားခဲ့သော ဆရာ့လူမှုရေးဘဝသည် ထိန်းမနိုင် သိမ်းမရ ကတိမ်းကပါး ဖြစ်စပြုလာ၏။

"ကိုယ်တော့ ကျောက်ကုန်းအိမ်မှာပဲ ကုပ်ပြီး စာရေးလိုက်ဦးမယ် ရဲလွင်။ ခင့်ဆီကို ငွေနည်းနည်းပါးပါး သွားပို့ပေးစမ်းကွာ။ နောက်ပြီး ကိုယ်မရောက်နိုင်တာကိုလည်း ကောင်းအောင် ကြည့်ကျက်ပြော၊ ကြားလား။ ဟိုနားသည်နား သွားချင်တယ် ဆိုရင်လည်း မင်း ပို့ပေးလိုက်စမ်းပါ"

ဆရာ့အကျပ်အတည်းကို စာနာရင်းစွဲဖြင့် ဘယ်တုန်းကမျှ စကားလက်ဆုံ မပြောခဲ့ဖူးသော မဝါနှင့် စတင်ရင်းနှီးခဲ့ရလေသည်။

မလွယ်ပါကလားဟု ချက်ချင်း စိတ်ပျက်လိုစိတ် ပေါ်သည်။ မဝါ၏ ဗီဇစရိုက်၊ မဝါ၏လူနေမှုပုံစံတို့ကို အကဲခတ်ရင်း ရဲလွင် ဆရာ့အတွက် ကြောင့်ကြလာသည်။ ရေရှည် ဆက်ထိန်းနိုင်ပါ့မလားဟု သံသယကြီးစွာ ဖြစ်ရလေပြီ။

ဆရာ ပံ့ပိုးနိုင်သည့် ငွေကြေးပမာဏ တကြိမ်ထက်တကြိမ် သိသိသာသာ လျော့ပါးလာ၏။ ကြားထဲက ရဲလွင် မျက်နှာပူချင်သော်လည်း မဝါကတော့ အပြုံးမပျက်ပေ။ တချက်ကလေးမျှလည်း မညည်းညူ။ အသုံးအစွဲလည်း မလျော့။

"ကြွေးတော့တင်နေပြီ အမောင်ရေ့။ ကိုကို ပစ်ထားတာလည်း ကြာလှပြီ။ သူ့တော့ မပြောဖြစ်ပါဘူး။ အားလည်းနာ။ သနားလည်း သနား"


mgyoe.com

mgyoe.com
SAMPLE BOOK

"စာချုပ်သစ်နဲ့ ငါးအုပ် ပြီးသွားရင် ပြေလည်လာမှာပါ။ ဟိုတုန်းကလို စရန်တွေ ဘာတွေလည်း သိပ်မယူချင်တော့ဘူးလေ၊ ဒါကြောင့် ဆရာက စာပဲ ဖိရေးနေတာ၊ စိတ်အေးအေးထားပါ မဝါရယ်"

"အို မဝါကလား၊ အေးပါတယ်။ ဒါလည်း သူ့ကို အပူမကပ်ချင်ပါဘူး။ မဝါ ပြဿနာ မဝါ ဖြေရှင်းသွားမှာပါ။ သိပါတယ်။ ကိုကို့အခြေအနေ ဘယ်လောက်ဆိုးနေတယ် ဆိုတာ။ မလွယ်ပါဘူး အမောင်၊ ခု ကိုကို့စာအုပ်တွေ သိပ်ကျနေတာ။ အသစ်ထွက်လာတဲ့ စာအုပ်တွေကြားမှာ တိုးဖို့ မလွယ်ဘူး နော်"

ရဲလွင် တုန်လှုပ်စ ပြုသည်။

ကြိုးကြိုးစားစား ဖုံးဖိကွယ်ကာခဲ့သမျှ အချည်းနှီးဖြစ်တော့မည် ထင်သည်။ လူတိုင်း သိနေသည့် အခြေအနေဆိုးကို မဝါလို မိန်းမပါးကလေး တယောက်က မရိပ်စားမိဘဲ နေပါမည်လား။ တကယ်တော့ အရာရာကို လျှော့တွက်တတ်သူ ရဲလွင်၏အမှား။

"အခိုက်အတန့် မပြေလည်တုန်း ခဏပါ မဝါရယ်။ ဒီကြားမှာ အကူ အညီလိုရင် ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို အားမနာပါနဲ့"

မရည်ရွယ်ဘဲ ပြောဖြစ်သည့် စကား။ ပြောမိပြီးမှ အလုပ်မဲ့အကိုင်မဲ့ ဝင်ငွေမဲ့ ငါ့လိုကောင်ကများဟု ကိုယ့်ကိုကိုယ် သတိရပြီး ပြုံးရယ်ချင်စိတ် ပေါ်သည်။

ထိုအခိုက် ဖြုန်းခနဲ မိန်းမက ငိုလေသည်။ ထပြန်ရ အခက်၊ ဆက်ထိုင်နေရ အခက်၊ ရဲလွင် မကြံတတ် မစည်တတ်ရှိဆဲ မဝါက သူ့ဘာသာ မျက်ရည်သိမ်းဆည်းကာ -

"မဝါကို တကယ် ကူညီနိုင်မလား အမောင်"

"တတ်နိုင်တဲ့ အတိုင်းအတာထဲက ကူညီဖို့ အသင့်ပါဗျာ"

မျက်ရည်ကြားမှ ဖျိုးဖျိုးဖျတ်ဖျတ် ပွင့်လာသော အပြုံးကို ရဲလွင် ငေးကြည့်နေမိသည်။ ငိုလွယ်ရယ်လွယ် စရိုက်ဆန်းကို ရဲလွင် အဓိပ္ပာယ် မဖမ်းတတ်တော့။

"မဝါ တနေရာကို ပြောင်းပြေးချင်ပြီကွယ်။ ဇရဲအိမ်ကြီးထဲမှာ ဆက် အနစ်မွန်း မခံနိုင်တော့ဘူး"

mgyoe.com

mgyoe.com MGYOE EBOOK

"ဗျာ"

အထိတ်တလန့် ကတုန်ကယင်ကြီး လွတ်ထွက်သွားသော 'ဗျာ' သံက ကျယ်ကျယ်လောင်လောင်။

"မဝါရဲ့ မဟာအမှားတွေကို ပြုပြင်ဖို့ အချိန်နောက်ကျပြီလို့ အမောင်ပြောနိုင်သလားဟင်"

"ဗျာ"

"အမောင် နားထွေးနေပြီထင်တယ်။ အစကပဲ ပြန်ပြောပါရစေတော့ကွယ်"

*

အစကတော့ စာပေဝါသနာ ပြင်းပြသူတို့ ဓမ္မတာ၊ စာရေးဆရာကို ကြည်ညိုစိတ် အရင်းခံဖြင့် ချဉ်းကပ်မိသည်ဟု ဆိုလေသည်။

ဝတ္ထုကလေး ဘာကလေးလည်း ရေးစမ်းချင်သည်။ ဝတ္ထုရေးဖို့၊ မဂ္ဂဇင်းတွေ ပို့ဖို့၊ ပို့ပြီးသား စာမူတွေ ပုံနှိပ်စာလုံး ဖြစ်လာစေဖို့အတွက် ကျော်ကြားသော ဝတ္ထုစာရေးဆရာ တယောက်နှင့် ရင်းနှီးခွင့်ရဖို့ လိုသည်ဟု မဝါ ယူဆသည်။

ဆရာလွမ်းဝေက မဝါ၏သည်းခြေကြိုက် စာရေးဆရာ။ ဆရာလွမ်းဝေ အရေးအသားမျိုးကို တဆွတ်ပျံ့ပျံ့ ခံစားရသည်။ စကားလုံး အသုံးအနှုန်းကိုလည်း တုပချင်သည်။ ဆရာလွမ်းဝေလို ဝတ္ထုမျိုးတွေ ရေးပြီး ဆရာလွမ်းဝေလို ကျော်ကြားလာစေဖို့အတွက် ဆရာလွမ်းဝေကို ချဉ်းကပ်ရမည်ဟု မဝါ ယူဆသည်။ သို့ဖြင့် ဆရာလွမ်းဝေနှင့် ရင်းနှီးခွင့် ရအောင် မဝါကိုယ်တိုင်က စတင် ကြိုးစားခဲ့ခြင်းပါတဲ့။

သည်နေရာမှာတော့ ရဲလွင်နှင့် အယူအဆချင်း ဆန့်ကျင်ဘက်။

ရဲလွင်လည်း စာပေဝါသနာ ပြင်းပြရာတွင်တော့ မဝါထက် မလျော့ဟု ပြောဝံ့သည်။ စာရေးဆရာ ဖြစ်ချင်သူ၊ စာရေးဆရာများကို ကြည်ညိုရင်းနှီးလိုသူပါပဲ။ သို့ပေမဲ့ ရဲလွင် နားလည်ထားသည်က စာရေးခြင်းတည်းဟူသော အနုပညာကိစ္စမှာ တကိုယ်ရေ အစွမ်းအစကို ပစ်ပုံအားကိုးရသည်မျိုး။ ကိုယ်တိုင် ဖန်တီးနိုင်၊ ဖြစ်ထွန်းနိုင်သည့် ကိစ္စ။ နီးတိုင်းလည်း မယဉ်၊ သင်


mgyoe.com

mgyoe.com SAMPLE BOOK

တိုင်းလည်း မတတ်။ ကိုယ်ပိုင်လေ့လာမှု၊ ခံစားထုတ်ဖော်မှု အတိုင်းအတာ။ အဆင့်အလိုက် ပွင့်လန်းနိုင်သည့် အနုပညာတရပ်။

မိမိကိုယ်ပိုင် အားထုတ်မှု မရှိဘဲ စာရေးဆရာတွေနှင့် ရင်းနှီးအောင် ကြိုးစားခြင်းမှာ နည်းလမ်းမကျဟု ရဲလွင်ကတော့ နားလည်သည်။

စာပေလောကသို့ စာမရောက်ခင် လူက အရင်ရောက်နှင့်ချင်သည့် မဝါ။ ထူးခြားသော အဆင်တန်ဆာ၊ အသွင်အလျာတွေ ဆင်ယင်ထုံးဖွဲ့၍ မြင်ရာလူ စိတ်ဝင်စားစရာ ဖန်တီးတတ်သော မဝါ။ ခုတော့ ...

"နောက်တော့ မဝါဟာ စာပေဝါသနာပါလို့ ကိုကို့ကို ချဉ်းကပ်ခဲ့တာပါလားဆိုတဲ့ အချက်ကိုတောင် ကိုကို သတိမရတော့ဘူး အမောင်။ မဝါဟာ သူ့အတွက် အသုံးချပစ္စည်း သက်သက်အဖြစ်နဲ့ ခုထိ နေခဲ့ရတယ်"

ရဲလွင် ငိုင်နေမိလေသည်။

"ဒါတော့ ကျွန်တော်လည်း မဝါကို စာပေဝါသနာရှင် အမျိုးသမီးရယ်လို့ စိတ်ထဲ ထည့်မထားခဲ့မိတာ အမှန်ပဲ။ မဝါကို ကြည့်လိုက်ရင် ဒီပြင့် အကြောင်းအရာတွေက ပိုလို့ စိတ်ဝင်စားစရာ ဖြစ်နေတာကိုး"

ဟု ပြန်ပြောလိုက်ချင်သည်။

ဖိုလှိုက်စေသော ကိုယ်နေကောက်ကြောင်းတွေ၊ မောလျစေသော အကြည့်အပြုံးတွေ၊ ခြောက်လက်မ နှင်းဆီပန်းနုရောင် အပွင့်ကားကားကြီးတွေ၊ ခုံမြင့်ဖိနပ် ခြေဖမိုးမှာ တဖက်တပွင့် ထိုးလာတတ်သော ထူးထွေဆန်းပြားမှုတွေ။ ဒါတွေကို စာပေနှင့် ဘယ်လိုမျှ ဆက်စပ်၍ ရစကောင်းသည်မှ မဟုတ်ဘဲ။

"မဝါ တဖက်က အနေအထိုင် မတတ်တာလေးတွေ ရှိကောင်းရှိပါလိမ့်မယ်။ မဝါ သဘောကောင်းခဲ့တာတွေ၊ ဖော်ရွေလိုက်လျောခဲ့တာတွေ၊ အမောင်လည်း သိမှာပါ။ ကိုကို့မှာ အိမ်ထောင်နဲ့ သားကြီးသမီးကြီးတွေနဲ့ ဆိုတာ သိရက်နဲ့ မဝါ စွန့်စားခဲ့တာဟာလည်း တကယ်တော့ စာပေရည်ရွယ်ချက်ကြီးမားလွန်းလို့ပါ အမောင်"

"ခုရော စာပေဝါသနာ ပါတုန်းပဲလား"

မစဉ်းမစား မေးချလိုက်မိပြီးမှ အားနာသွားရသော်လည်း မဝါက အတည်ဖြေသည်။


mgyoe.com

mgyoe.com

"အသက်နဲ့ကိုယ် မြဲသရွေ့ပါ အမောင်ရယ်။ မဝါ သိပ်စာရေးချင်တာပဲ။ မဝါမှာလေ စာရေးစရာတွေ ရင်နဲ့အပြည့်။ မဝါ ခံစားချက်တွေ၊ ရင်နင့်စရာ ဘဝအကြောင်းတွေကို ရေးသာပြလိုက်ရင် တလောကလုံး မျက်ရည်တွေနဲ့ ဖုံးကုန်မှာ။ မဝါဆိုတာက ကိုယ့်ဘဝကိုယ် ရုန်းနေရတဲ့ တကောင်ကြွက်။ အတိုက်အခိုက် အကျဉ်းအကျပ်တွေနဲ့ လူလားမြောက်အောင် ကိုယ့်ဘာသာဖန်တီးခဲ့ရတဲ့ မိန်းမပါ။ လောကကြီးဟာ သိပ်ရင်နာစရာကောင်းတာပဲ"

ရဲလွင် စိတ်ဝင်စားစ ပြုသည်။

ခံစားချက်များ ကျိတ်မျိုထားရသဖြင့် မွန်းသိပ်နေဟန်ရှိသော မျက်လုံးစင်းစင်းတွေ၊ ဖွင့်ဟလိုစိတ်ဖြင့် ရွရွတုန်ယင်နေသော နှုတ်ခမ်းဖူးဖူးကလေးတွေကို ငေးကြည့်နေမိသည်။

အပြာရောင် အိုင်းရှဲဒိုးနှင့် စေးပျစ်ဟန် ရှိသော မျက်ရစ်ကောက်ကြောင်းတွေကို ရဲလွင် စိတ်ထဲက ခပ်ဖွဖွ ဖျက်နေမိလေသည်။ အဲဒါတွေမလုပ်ဘဲ လှနိုင်သည့် မျက်လုံး၊ နဂို ကျယ်ဝန်းသည့် မျက်လုံးအိမ်ကို ပြူးတူးပြဲတဲ ဖြစ်စေမည့် အခြယ်အသမျိုးကို ရဲလွင်က ပြုပြင်ရေး လုပ်ချင်နေမိသည်။

အဖျားချွန်ကော့တဲ့ နှာတံကလေးနှင့် လိုက်ဖက်ညီလှသည့် နှုတ်ခမ်းနှင်းဆီဖူးကတော့ ကျေနပ်ချင်စရာ။ သို့သော် သည်မျက်နှာက စာရေးချင်သူတယောက်၏ မျက်နှာမျိုး ဟုတ်နိုင်ပါလေစ။

မဝါကတော့ စာ သိပ်ရေးချင်တာပဲဟု ဆိုနေလေသည်။

"ကိုကိုနဲ့တွေ့ရင် မဝါ စာရေးဖြစ်မယ်လို့ ယုံခဲ့တယ်။ ဒါပေမဲ့ သိပ်ကျော်ကြားလာတဲ့ လူတယောက်နဲ့ ပတ်သက်မိရင် အဖြည့်ခံဘဝက တက်နိုင်မယ် မဟုတ်ဘူးဆိုတာ ခုမှ မဝါ သဘောပေါက်တော့တယ်။ အဖြည့်ခံဘဝက ရုန်းထွက်ချင်ပြီ အမောင်။ မဝါကို ကူညီမယ် မဟုတ်လား"

ရဲလွင် လန့်သွားလေသည်။

မဝါက ချည်ပြီးတုပ်ပြီး မေးခွန်းထုတ်နေသည်။

"မဝါ ဒီက ပြောင်းပြေးချင်တယ်။ အရင်ကလည်း ဘော်ဒါမှာ နေလာခဲ့တာပဲ။ ခုလည်း ဘော်ဒါတခုခုရှာပြီး အေးအေးနေချင်တော့တယ် အမောင်။ ကိုယ့်ဘဝကိုယ် ပြန်ရုန်းရင်း ကိုယ် ဝါသနာပါတဲ့ကိစ္စလည်း ကိုယ့်ဘာသာပဲ ကြိုးစားယူတော့မယ်"

mgyoe.com

"စာရေးဆရာဖြစ်ဖို့ ကိုယ့်ဘာသာ ကြိုးစားယူမယ် ဆိုတာတော့ အမှန်ကန်ဆုံးပဲ"

ဟု ချက်ချင်း ထောက်ခံမိသည်။ ပြီးမှ သတိရကာ -

"ဆရာ့ကို အသိပေးပြီး ပြတ်ပြတ်စဲစဲ လုပ်တာက ပိုမကောင်းဘူးလား မဝါ"

"အို၊ အစထဲက တရားဝင် ပတ်သက်ခဲ့တာမှ မဟုတ်ဘဲ အမောင်။ အသိပေးစရာ၊ အကြောင်းကြားစရာ မလိုဘူး ထင်ပါတယ်။ ပြီးတော့ သိတဲ့အတိုင်း ဆရာက မဝါကို ပြတ်နိုင်မှာ မဟုတ်ဘူး။ သူ နစ်နာတဲ့ကိစ္စ မဟုတ်တော့ ကလေး မုန့်ဖိုး ပဲဖိုး ပေးသလို ပေးပြီး မဝါကို နစ်သထက်နစ်အောင် ဆက်နှစ်နေမှာ"

တချက်တချက် ရှိုက်သံသဲ့သဲ့ ပါလာသည်ဟု ထင်ရ၏။ ညိုမှိုင်းသော မျက်ဝန်းရိပ်က ငိုချင်ဟန်ရှိသည်။

"မဝါကို ကယ်တင်ပါ အမောင်ရယ်"

"အိုဗျာ"

ဤမျှ အောက်ကျို့လွန်းတော့လည်း ရဲလွင် မနေတတ်။ မဝါ၏ လေသံ၊ မဝါ၏ စကားလုံး အသုံးအနှုန်းများကို ရဲလွင် မခံစားရက်အောင် ဖြစ်မိသည်။

"မဝါစိတ်ကို မဝါ နိုင်ရင်လုပ်လေ။ ကျွန်တော်ကလည်း ဆရာ လွှမ်းဝေနဲ့ မတွေ့အောင် ရှောင်ရတော့မှာပေါ့"

ကတိပေးဖြစ်တော့လည်း လွယ်လင့်တကူ။ ပြန်းခနဲ မဝါရဲ့လူ ဖြစ်နေပါရောဟု သတိတရ တွေးမိသည်။

အို၊ ဖြစ်ပေစေ။ အားနည်းသူကို ဖေးကူသင့်သည်။ သူဖတ်ဖူးသော ဝတ္ထုအချို့ကို ရဲလွင် သတိရလာသည်။

မဝါလို အကျဉ်းအကျပ်မှာ နွံနစ်နေသော မိန်းကလေးများကို ကိုယ်ကျိုးစွန့် ကယ်တင်လိုက်ကြသော ယောက်ျားကောင်း ဇာတ်လိုက်များ အကြောင်း တရိပ်ရိပ် တွေးမိလာ၏။

"ခန္ဓာကိုယ် သန့်စင်ဖို့ထက် စိတ်သန့်စင်ဖို့ပဲ လိုပါတယ် မမရယ်။ မမဘဝ လှတပတ်နွမ်းခဲ့ပေမဲ့ ကျွန်တော်တယောက်တည်း ချစ်တယ်လို့


mgyoe.com

mgyoe.com

ပြောတဲ့နေ့ကစပြီး မမဟာ အသန့်စင်ဆုံး၊ အမွန်မြတ်ဆုံး မိန်းမလို့ ကျွန်တော် ယုံတယ် မမ"

နာမည် မမှတ်မိတော့သော ဝတ္ထုတပုဒ်ထဲက ဇာတ်လိုက်၏ ပြောစကားတခွန်းကို မှတ်မှတ်ရရ ကြားယောင်နေ၏။ အဲဒါ ဟုတ်တုတ်တုတ်ပဲဟု တွေးရင်း မဝါကို စေ့စေ့ကြည့်မိသည်။ ကြင်နာဖွယ် ညှိုးလျသော မျက်နှာကလေးကို မြင်ရကာ ရဲလွင် ယောကျ်ားကောင်း လုပ်ချင်စိတ်တွေ တားမနိုင်ဆီးမရ တဖွားဖွား ပေါ်ပေါက်နေ၏။

"မဝါ စိတ်ထဲမှာ တကယ်ပြတ်တယ်နော်"

"ယုံပါ အမောင်ရယ်။ စောင့်ကြည့်ပါ။ ပြီးတော့ မဝါကိုလည်း ပစ်မထားပါနဲ့။ ဆက်ပြီး ကူညီပါ၊ စောင့်ရှောက်ပါ အမောင်။ ဘဝတလျှောက်လုံးမှာ မဝါ ယုံဝံ့တဲ့လူဆိုလို့ အမောင်တယောက်ပဲ ရှိပါတယ်"

ဆုံးဖြတ်ချက် မဝံ့ရဲသော ရဲလွင်၏စိတ်ကို တမုဟုတ်ချင်း ညိတ်ခနဲညွတ်အောင် ပြောနိုင်စွမ်းသည့် စကား။ ရဲလွင် တသက်မေ့မရအောင် ရင်ထဲမှာ စွဲခဲ့ပြီ။

ရန်ကင်းအိမ်မှ ပြောင်းမည်ဆိုတော့ အိမ်လခကြွေးကျန် ခြောက်ရာကျော်ကို ရှင်းခဲ့ဖို့ လိုလာ၏။ မဝါက ရုံးမှ ငွေချေးမည်ကြံဆဲ ရဲလွင်ကပင် ယောကျ်ားကောင်းပီသစွာ တာဝန်ယူ ရှင်းပေးခဲ့သည်။

မမသက်၏ အလယ်တန်းပြ ဆရာမလုပ်စာဖြင့် ဆင်ပေးခဲ့သော ထောင်ကျော်တန်နာရီကလေးကို တဝက်ဈေးသာသာဖြင့် လမ်းဘေးမှာ ရောင်းခဲ့ပြီ။ သည့်အတွက် ရဲလွင် နှမ်းစေ့တထောက်မျှ နှမြောနမဲ မဖြစ်ခဲ့။

*

မဝါကို ဘော်ဒါဆောင်တွင် ပို့ထားသည် ဆိုသော်လည်း များသောအားဖြင့်က ရဲလွင်နှင့် တတွဲတွဲ။ စားအတူ သွားအတူ အနေများလာတော့ မမသက် ထောက်ပံ့သော ကျူရှင်လခ၊ မုန့်ဖိုးပဲဖိုး စသည်များမှာ မဝါနှင့် တွဲတွဲသွားသွား ကာလများမှာပင် အရည်မရ အဖတ်မတင် ကုန်တော့သည်။

ကျူရှင်လည်း မတက်ဖြစ်၊ စာလည်း မကျက်ဖြစ်။ စာမေးပွဲကိုတော့ မမသက် ကျေနပ်အောင် ဝတ်ကျေတမ်းကျေ ဖြေရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ရဲလွင်စိတ်ကူးက မဝါနှင့်အတူ တအိုးတအိမ် ထူထောင်ပြီး နှစ်ယောက်သား ကြိုးစား စာရေးကြဖို့ပင်။

မဝါကတော့ သိပ်လှတဲ့ စိတ်ကူးကလေးပဲကွယ်ဟု သဘောတူသည်။ တအိုးတအိမ် ထူထောင်ပြီး စိတ်အေးချမ်းသာ စာရေးနေနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုများတော့ လုပ်ရလိမ့်မည်။ အချိန်ယူရလိမ့်မည်ဟု မဝါက လက်တွေ့ကျကျ တင်ပြသည်။ ရဲလွင် မငြင်းနိုင်။ စီးပွားရေး စီမံကိန်းသည် အိမ်ထောင်ရေးအတွက် အဓိကအကျဆုံးဟု ရဲလွင် ယုံလေသည်။

အလုပ်အကိုင်တခုခု အတည်တကျ ပုံမှန်ဝင်ငွေရအောင် ကြိုးစား ရှာကြည့်သည်။ တဖက်က မဝါကိုလည်း ပြန်၍ဝေဖန်ရေး လုပ်ပေးရပြန်သည်။ အမွှမ်းအမံ အခြယ်အလှယ်များကို လျှော့ဖို့၊ ပိုက်ဆံကို စနစ်တကျ သုံးစွဲ စုဆောင်းကြဖို့၊ သို့သော် စိတ်ကူးသည် စိတ်ကူးမျှပင် ဖြစ်ကာ လက်တွေ့ မှာတော့ မဝါသည်လည်း လက်ဖွာမြဲ။ အလှအပ အခြယ်အလှယ်များအတွက် မတန်တဆ ငွေကုန်ကြေးကျခံမြဲ ရှိလေသည်။

ပုံမှန်ဝင်ငွေ လိုချင်သော ရဲလွင်အဖို့မှာလည်း စိတ်ကြိုက်အလုပ်ကို ခုထိ မတွေ့နိုင်သေးသည်မို့ တဖက်ကို ရဲရဲမပြောဖြစ်၊ ကြုံရာကျရာအလုပ်လည်း မလုပ်နိုင်ပေ။ တနေ့တွင် စာရေးမည် ဟူသော ရည်ရွယ်ချက်နှင့်မို့ စာရေးသူ တယောက်၏ သိက္ခာနှင့် လျော်ကန် သင့်မြတ်သည့် အလုပ်မျိုးသာ ရချင်သည်။ ပုံနှိပ်တိုက်တတိုက်မှာ စာပြင်ဆရာလောက် လုပ်ရလည်း သိပ်တော့ မဆိုး ပါဘူးဟု တွက်ထားလေသည်။

ဘာပဲဖြစ်ဖြစ် နွံနစ်နေသော မိန်းမသားတယောက်ကို ကယ်တင် နိုင်ခဲ့ပြီဟု ရဲလွင် အတ္တမာနတွေ ဖြိုးဝေတက်ကြွလျက် ရှိသည်။

မိန်းမဆိုတာကတော့ အားနွဲ့သူပါပဲ။ အသိဉာဏ် မဖွံ့ဖြိုးရှာသော အတန်းအစားမို့ အနည်းအကျဉ်းတော့ သည်းခံပြုပြင်ရမည်ဟု စိတ်ရှည် လက်ရှည် တွေးသည်။

အလှအပ ပကာသန ကိစ္စတွေကို တဖြည်းဖြည်း လျှော့ယူရတော့ မည်။ ဇမ္ဗူ့ရာဇ်ရွှေစင်ကို ရဖို့အတွက် အထပ်ထပ် လျော်ခတ်ရသည် မဟုတ် ပါလား။ ရဲလွင် လိပ်ပြာသန့်သည်။ လောကမှာ မဝါသည်သာ အထပ်ထပ် လျော်ခတ်ဦးသစ်ပြီးဖြစ်သည့် ဇမ္ဗူ့ရာဇ် ရွှေစင်။


mgyoe.com

mgyoe.com

(၃)

ဟာ ဟ၊ ဟားလည်း ဟားရတဲ့ ည။

တယောက်က ကတုန်ကယင် ကယောင်ချောက်ချားနဲ့ တယောက်ကတော့ တရှူးရှူး တရားရား ဒေါသကုမ္မာရ။

သည်ညတော့ မဝါတို့ ပျော်လွန်လွန်းသည်။ စားလို့ပင် မဝင်။ ရှေ့မှ ဒံပေါက်ထမင်းသည် တလုတ်နှစ်လုတ်စာထက် ပိုအရာမယွင်း။ အိပ်လို့လည်း ပျော်မည်မထင်။ စောစောက မြင်ကွင်းသည် မျက်စိထဲက မထွက်။

တချိန်ကတော့ အရှင်သခင်၊ သြော် ကေရာဇ်ပင်လည်း ကံအလှည့်မသင့်လျှင် လမ်းဘေးမြက်ခင်းပေါ် အိပ်ရတတ်ပါကလား။ စုတ်ပြတ်သတ်လို့ပါလား ကိုကိုရယ်ဟု တွေးမိကာ ဟား ဟား ဟု ကျေကျေနပ်နပ်ကြီးရယ်မိပြန်သည်။

တယောက်ကတော့ အောက်သိုးသိုး မျက်နှာနှင့် မျက်စောင်းထိုးလျက်ရှိသည်။ သြော်၊ မောင်ရဲလွင်ကလေးဟု စုတ်သတ်ရင်း တဟားဟားသာ ရယ်ချင်စိတ် ပေါ်တော့သည်။

ဟားရတယ်ကွယ် တကယ်။

လမ်းဘေးက အဝတ်ဟောင်းဆိုင်မှာ ဆောင့်ကြောင့်ကြီးထိုင်လို့၊ ဟား ဟား တချိန်က သရဖူဆောင်းခဲ့တဲ့ ဆရာလွမ်းဝေမှ ဟုတ်ပါလေစဟု ထင်ရှိးမှားစရာပင်။

ဘောက်စ်ဝက်ဂင်လို၊ ဆီဒင်လိုကားမျိုးကို နာရီနှုန်းနှင့် နေကုန်နေခန်း ငှားရမ်းစီးလာသူက လမ်းဘေးပလက်ဖောင်းမှာ ကုပ်ချိချိ လျှောက်နေရသည့်အဖြစ်။

သုံးဆယ့်ခုနစ်လမ်းထဲက အကောင်းဆုံး အပ်ချုပ်ဆိုင်တွေမှာ ကိုယ်တိုင်းအသင့်ပေးပြီး စိတ်ကြိုက်အပ်ဝတ်ခဲ့ရာမှ လမ်းဘေး ပါကစ္စတန် အဝတ်ဟောင်းပုံကို မရှက်မကြောက် လှန်လှောမွှေဖွနေသည့် အဖြစ်။

ကိုကို့ကို သည်လောက် အခြေအနေ ဆိုးဆိုးရွားရွား ဖြစ်လာလိမ့်မည်မထင်။

သြော်၊ ဖြစ်တော့ ဖြစ်နိုင်သည်။ ကိုကို စာအုပ် မထွက်သည်မှာ ကြာပြီ၊ နောက်ပြီး ရုံးကလည်း ပင်စင် ယူလိုက်ပြီ ဆိုသည်။ ပင်စင်လစာနှင့် ကလေး


mgyoe.com

mgyoe.com SAMPLE BOOK

လေးယောက်စရိတ်နှင့် လုံးပါး ပါးရှာပြီပေါ့။ ဒေသကောလိပ်ကျောင်းသား နှစ်ယောက် စရိတ်ကိုက နည်းနည်းနောနော မဟုတ်။ ကောင်းကောင်း သုံး၍ ပေါပေါများများ ကိုင်လာသူက ချွေတာရတော့မည်ဆိုလျှင် ပို၍ ရုပ်ပျက် ဆင်းပျက် ဖြစ်တတ်သည်။

တချိန်ကတော့ အတ္တတွေ တလူလူ။ ကိုကိုတို့က သူ့မှ သူ။

မဝါကို မိန်းမသတ္တဝါအဖြစ် အသုံးချရုံမှတပါး နေရာ တစုံတရာ မပေးခဲ့။ သိသိကြီးနှင့် ခံခဲ့ရသည့်အဖြစ်။

တကယ်တော့ မဝါဘက်က တာဝန်ကျေခဲ့ရုံမက လွန်၍ပင်နေပြီ။ စကတည်းက မဝါ လူတဖက်သားကို တရားလွန် အခွင့်အရေး မယူခဲ့။ ကိုကိုက သူ့နံပါတ် (၂) နေရာမှာ တရားဝင်ထားချင်သည်ကိုပင် မဝါက ခေါင်းခါ ငြင်းခဲ့သည်။

ငြိတော့ ငြိခဲ့ကြပြီ။ သည်ထက်ပို၍ အမိမခံနိုင်။ သူ့ ထောက်ပံ့သော သဒ္ဓါကြေးဖြင့် ကြည်ဖြူခဲ့ရသည်။ နောက်ကြောင်းရှင်းအောင်လည်း မဝါ ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်ဗဟုသုတဖြင့် ကြိုတင်စီစဥ်ခဲ့ရသည်။ တားဆေး တွေ၏ဒဏ်ကြောင့် မူးခြင်း မောခြင်း စသည့်ဝေဒနာများကိုလည်း မဝါ တဦးတည်း ဝကွက် ခံစားခဲ့ရသည်လေ။

ကိုယ်က သည်မျှ အနစ်နာခံပါလျက် သူ့ဘက်ကျတော့ တာဝန် မကျေ။ အခွင့်အရေးသာ ရသမျှ ယူချင်သည်။

ရှစ်လ ကိုးလခန့် ကလေးမုန့်ဖိုး သာသာမျှဖြင့် ချွေးသိပ်ခဲ့သည်ကို မဝါမို့သာ သည်းခံနိုင်ခဲ့သည် ထင်၏။ စိုပြီးသည့်လက်ကို အလွယ်တကူ မခြောက်စေချင်။ သို့သော် အချစ်ဆိုသည်မှာ လက်ပွန်းတတီး နေရုံဖြင့် အမိပွာယ် မပြည့်စုံဟု မဝါ ယူဆသည်။

မိန်းမသားတယောက်ကို တာဝန်ယူပြီး ကျွေးမွေးဆင်ယင်နိုင်ဖို့လည်း လိုပေသည်။

ဒုတိယအချက်ကို မသိကျိုးကျွန်ပြုကာ လက်ပွန်းတတီး နေချင်ရုံမျှ သိတတ်သော ယောကျ်ားမျိုးကား အလကား အချောင်သမား။

ကိုကို့အချစ်ကို မဝါ ယုံစားချင်ပါလျက် မျှော်လင့်ချက်တို့ ကွဲအက် ကြေပြုန်းခဲ့ရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အချောင်စိတ်ဖြင့် 'ကျော' လာသည့်အဖြစ်ကိုတော့ မဝါ ရေရှည် သည်းမခံနိုင်။ ရိုးသားခြင်း မှန်ပါလျှင် ကိုကိုက စတင်၍ တခန်းရပ်သင့်သည်။

လွတ်ရာသို့ သွားပေရော့ဟု ဖြေလျှော့လွှတ်သင့်သည်။

ခုတော့ ညောင်ညိုစခန်းမှာ လမ်းခွဲကြစို့ဆိုတော့ သူက ပြန်စရာ အိုးနှင့်အိမ်နှင့်။ နားခိုစရာ ရင်ခွင်နှင့်။ မဝါမှာသာ ခြေလွတ်လက်လွတ် ငှက်တောင် ကျွတ်ရမည့်ဘဝ။

ရှစ်လ ကိုးလကြာမှ ကိုယ်ရောက်နေသည့် အခြေကို ရိပ်စားမိခဲ့သည်။ ကိုယ့်ကိုကိုယ် လျှင်လှပြီ နပ်လှပြီ ထင်ခဲ့သမျှ တကယ့်တကယ်ကျတော့မှ ရေရေလည်လည် အကျောခံလိုက်ရပါကလားဟု ရင်နာမဆုံးအောင် ဖြစ်ရ သည်။

တသက်တာမှာ ပထမဆုံးအကြိမ် ဝမ်းပန်းတနည်း မျက်ရည်ကျဖူး ရလေသည်။ မှတ်မှတ်ရရ ရဲလွင်ရှေ့မှာ ငိုမိသည့်နေ့။

*

'အမောင်' ဟု ခေါ်တတ်သည့် ဓလေ့ကို တချို့က 'နော့တော့တော့ ခရာပုံတွေ' ဟု စကားတင်း ဆိုချင်ကြလေသည်။

မဝါအကျင့်က ကိုယ့်ထက် ငယ်မည် ထင်ရသူကို 'အမောင်' ဟုခေါ်ပြီး ကိုယ့်ထက် ကြီးပုံပေါက်လျှင် အန်ကယ်ကြီးတို့ အရွယ်ကအစ 'ကိုကို' ဟု သိမ်းကျုံးခေါ်တတ်စမြဲ။

သို့ဖြင့် မဝါ ပတ်ဝန်းကျင်မှာ ကိုကိုတွေ၊ အမောင်တွေ ဖုံးပေါလအော ရှိသည်။ ရုံးမှာ၊ လမ်းမှာ၊ ဘတ်စ်ကားပေါ်မှာ။ ကြုံရာလူသည် မဝါ နှုတ်ဖျားက ကိုကို သို့မဟုတ် အမောင်သာ ဖြစ်တော့၏။

အဲသည် ဖုံးပေါလအောထဲမှာ ရဲလွင်လေးကတော့ သူမို့ အမောင် ခေါ်သည်ဟု တင်စားပုံရလေသည်။

မဝါက ရှိုက်သံတဝက်နှင့် 'အမောင်ရယ်' ဟု နွဲ့လိုက်တိုင်း ရဲလွင် အကြီးအကျယ် လှုပ်ရှားသွားသည်ကိုလည်း မဝါ အတပ်သိသည်။

တချိန်တည်းမှာပင် ပိုက်ကို ခုန်တိုးလာသော ယုန်သူငယ်၏မျက်နှာကို မြင်လိုက်ရလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

တကယ်ပင် ယုန်သူငယ်၏ မျက်နှာက နူးညံ့သိမ်မွေ့သော၊ ချစ်သနားဖွယ်သော အသွင်အလျာ။ သို့သော် မျက်နှာနှင့်မလိုက်အောင် တထောင်ထောင် တလွှားလွှား ရှိနေသည့် နားရွက်နှစ်ဖက်က ရယ်မောဟားတိုက် ပစ်ချင်စဖွယ် ကောင်းလှသည်။

ရဲလွင်က အဲသည်လိုမျိုး။

လူနှင့်မလိုက်သည့် စကားကို ဆိုချင်သူ။ လူပုံ ကန့်ကလျှနှင့် ပြောလိုက်မှဖြင့် ခမ်းနားကြီးကျယ်၊ ပြုပြင်ရေးတွေ၊ ဝေဖန်ရေးတွေ၊ အဘိဓမ္မာစကားလုံးတွေနှင့် တတ်သမျှ မှတ်သမျှ အကုန်ပါးစပ်ထဲ ထည့်ထားဟန်တူသည်။

သည်လိုလူမျိုးက မဝါအဖို့ ပိုပြီးပေါင်းရသင်းရ လွယ်ကူသည်။

သူကတော့ မဝါကို ကယ်တင်သည်ဟု ကြွေးကြော်မြဲ၊ အသားယူလိုလည်း ယူပါစေတော့။ သူ့ကိုယ်သူ အထင်ကြီးလိုလည်း ကြီးပါစေတော့။ မဝါအဖို့ ကိုယ်ခင်းသည့်ဇာတ် သေသပ်ဖို့ပဲ လိုမည်ထင်သည်။

မဝါ ရှေ့ခရီးမှာ ရဲလွင်လိုလူတယောက် တကယ်ပင် လိုအပ်နေလေသည်။

ယောက်ျားဆိုသည်မှာ နှစ်မျိုးနှစ်စားသာ ရှိသည်ဟု မဝါ နားလည်ထားသည်။

ထိုယောက်ျား နှစ်မျိုးနှစ်စားကိုလည်း အသုံးချတတ်ဖို့ အရေးကြီးလေသည်။ ပထမတမျိုးက ထီးလို အသုံးချရမည့်ယောက်ျား။ အသုံးချရသည် ဆိုပေမဲ့ ထီးဆောင်းသလို တမြတ်တနိုး ခေါင်းပေါ်မိုးစေရသည်။ အားကိုးအားထား သဘောလည်း သက်ဝင်သည်။ အသုံးချပြီးပြန်တော့လည်း တရိုတသေ သိမ်းဆည်းရပြန်လေသည်။

မဝါက ကိုကို့ကိုတော့ ထီးလို အသုံးချခဲ့ခြင်းပါပဲ။

ကျန်တမျိုးကတော့ ဖိနပ်လို အသုံးချရမည့်ယောက်ျား။ ကိုယ့်ခြေဖဝါး အညစ် အကြေး ပေကျံမည်စိုး၍ ဖိနပ်လို ခုနင်းလျှောက်ရသည်။ ခလုတ်မထိ ဆူးမငြိအောင် အထောက်အကူ ရသော်လည်း ခြေနင်းသည် ခြေနင်းသာဖြစ်၏။ အသုံးချပြီးသည်နှင့် တော်ရာမှာ ချွတ်ထား၍ ရသည်။ ယုယသိမ်းဆည်းဖို့လည်း မလို။


mgyoe.com

mgyoe.com

မောင်ရဲလွင်ကလေးကတော့ မဝါအတွက် မရှိမဖြစ် ဖိနပ်ကလေး တရန်ပါပဲ။ ထီးမရှိ၍ ဝှာနွေမပျက်နိုင်သော်လည်း ဖိနပ်မပါလျှင် မတင့်တယ်။ တယောက်တည်းနေသော မိန်းကလေးအဖို့ လက်တိုလက်တောင်း စေစား စရာ မောင်ရဲလွင်လေးတယောက် ရှိနေ၍ တော်တော့သည်။

ဟိုနားဒီနား လတ်လျားလတ်လျား လုပ်ဖို့လည်း အဖော်ရသည်။ ဈေးသုံးကြမ်း၍ တရာမျိုး ကိုးဆယ်မျိုး ဆွဲသုံးချင်တော့လည်း ဒါလောက်မျှ ကိုတော့ ရဲလွင် ကြံတတ်ဖန်တတ်သည်။

သူ့အစ်မက ထောက်ပံ့သည့် ကျူရှင်ဖိုး၊ မုန့်ဖိုးပဲဖိုးမို့ မျိုမကျရက် ချင်ပေမဲ့ ရဲလွင်က နားရွက်ထောင်ချင်သည့် ယုန်သူငယ်။

သူ့အိတ်ကပ်ထဲက တရာ ကိုးဆယ်ထုတ်နိုင်လျှင် ဗိုလ်ချုပ်ဈေးကြီး ဝယ်ပေးတော့မည့် မျက်နှာထားမျိုးနှင့်။

ငွေသုံးကြမ်းလိုက်တာဟု ဆရာလုပ်ချင်သေးသည်။ ချွေတာမှပေါ့ မဝါရဲ့ဟု တောင်းတိုင်းထုတ်နိုင်သည့် ငွေရှင်ကြီးလေသံမျိုးနှင့်လည်း ဆုံးမ ချင်တတ်သည်။

ပြီးတော့လည်း "ကျွန်တော်တို့ အနာဂတ်ကလေး လှပနိုင်ဖို့ပါ မဝါ" ဟု စိတ်ကူးအိမ်ကလေးထဲမှာ လေပြေထိုးတတ်ပြန်လေသည်။

ရယ်တော့ ရယ်စရာ။

အလုပ်အကိုင် ဝင်ငွေမရှိသူက တအိုးတအိမ် ထူထောင်ဖို့ စိတ်ကူး ယဉ်လျက် ရှိသည်။ မဝါလို မိန်းကလေးမျိုးကို လက်ရှိအဆင့်ထက် မနိမ့် အောင် ထားနိုင်ဖို့ ဝေးစွ။ မနက်စာ ညစာမျှကိုပင် အလျဉ်မီအောင် အတော်ကြီး ဖန်တီးယူရမည့် အတန်းအစား။

ယောက်ျားတို့သဘောက သူ ကျွေးနိုင်ပေးနိုင်သမျှ ရောင့်ရဲတင်းတိမ် တတ်သော မိန်းမကိုမှ မိန်းမမြတ် ထင်ကြသည်။

မိန်းမတယောက်အနေနှင့် သည့်ထက်ပို၍ လိုအပ်ပိုင်ခွင့် မရှိတော့ဟု မတရားသဖြင့် ယူဆထားကြလေသလား မသိ။

မောင်ရယ်၊ မဝါတို့ သုံးလောက်စွဲလောက်အောင် အမောင် မရှာ နိုင်သေးပါဘူးဟု တိုက်ရိုက်အကြောင်းပြလျှင် အောက်ခြေလွတ်သည့် မိန်းမဟု မုချ အစွပ်အစွဲ ခံရပေလိမ့်မည်။ သည်အကြောင်းပြချက်ဖြင့် အမောင့်ကို


mgyoe.com

mgyoe.com SAMPLE BOOK

ယူ၍မဖြစ်သေးပါဘူးဆိုလျှင် ဝတ္ထုထဲက သစ္စာဖျက်သူ၊ ငွေမက်သူ စသည့် စကားလုံးများဖြင့် အထိုးနှက် ခံရတော့မည်။ သူ့ကိုယ်သူလည်း အသည်းကွဲပါပြီဟု ကြေညာပြီး နဂိုက မခိုင်သော စိတ်နှလုံးသား ကတိမ်းကပါး ကလေကချေ ထင်ရာစိုင်းပေရော့မည်။ သီချင်းထဲကလို ဓနငွေစက်ယန္တရား အလယ်က မရွှေ အထက်တန်းစားရယ်လို့ စကားနာထိုးရုံဖြင့် မဝါတို့ ဘဝ မြင့်နိုင်ဖွယ် ရှိသေးသည်။

မဝါကတော့ ယောကျ်ားတယောက်၏ အချစ်ဆိုသည့် လောင်းရိပ်အောက်မှာ သင်းတို့ အတ္တမာန ဖွံ့ဖြိုးစေဖို့အတွက် သက်သက် အနစ်နာ မခံနိုင်။ အစုတ်အပြတ် အပြတ်ပြတ် အငတ်ငတ် အမွတ်မွတ် မနေနိုင်။

မဝါလည်း လူ။ သူတို့နည်းတူ အလိုဆန္ဒနှင့်။ မျှော်လင့်ချက်နှင့်။

စီးနေကျ ဖိနပ်ကလေး ပျောက်သွားမည်စိုးသည့် သဘောမျိုးနှင့်သာ မဝါက ရဲလွင်ကို လက်လွှတ်မခံနိုင်ခြင်း ဖြစ်သည်။ ရဲလွင် စိတ်ကူးထဲကလို ထာဝရ အတူတကွ နေထိုင်သွားကြဖို့များ ဝေလာဝေး။ ရေရှည်တွဲဖို့ပင် မရည်ရွယ်။

*

နာမည် နည်းနည်းပျက်ချင်သည်ကိုတော့ မဝါ မမှုပါ။ ဒါမျိုးတွေ အရေထူလှပြီ။ ပတ်ဝန်းကျင်ဆိုသည်မှာ ဘယ်တော့မှ အကောင်းဘက်ကချည်း ချီးမြှောက်ရိုးထုံးစံ မရှိ။ မဂ္ဂဇင်းတအုပ်ထဲမှာ ဖတ်ဖူးသည့် 'ပတ်ဝန်းကျင်' ဆိုသော ကဗျာတပုဒ်ကို သတိရသည်။ သဘောကျတိုင်း အထပ်ထပ် ဖတ်ပါများခဲ့၍ အလွတ်ပင် ရနေပြီ။ စကတည်းက သတိမထားမိခဲ့သည်မို့ ကဗျာရေးသူ၏ အမည်ကို မပြောတတ်တော့။

ညွှင်းညံ့လေသည်
သင်းဝေလှိုင်ကျော်
ရနံ့ဖျော်ကို
ဘယ်ခေါ်ဆောင်ကျဉ်း
ဇော့ခတ်ရင်းပင်
ရှုပြင်းစူးပုံ့


mgyoe.com

အပုပ်နံ့ကို
*အနံ့သုတ်ဖြူး တတ်သည်တကား*
တဲ့။

ချီးမွှမ်းခြေကျောက်စကားကို ဂယက်ထသော ပတ်ဝန်းကျင်ကိုတော့ မဝါ အမှုမထားဘဲ နေသားကျခဲ့ပြီ။

ကိုကိုနှင့် တွဲခဲ့တုန်းကဆိုလျှင် ရုံးမှာလည်း ရုံးမို့၊ အရပ်ထဲမှာလည်း အရပ်ထဲမို့ ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုသည့် ဒဏ်ကို ရင်စည်း၍ ခံခဲ့ရသည်။

နေရသည့်အရပ်က တိုက်တန်းလျားမို့ လူစုံ စရိုက်စုံ။ ကိုယ့်ထမင်း ကိုယ်စားပြီး အားအားရှိတိုင်း အိမ်ခန်းတကာ လှည့်ကာ မျက်စိဒေါက်ထောက် စပ်စုနေတတ်သူတွေကလည်း အပုံ။ စီခနဲ ဆိုလျှင် ကိစ္စတရပ်ကို မရှုပ်ရှုပ်အောင် မကြီးကျယ် ကြီးကျယ်အောင် ပုံကြီးချဲ့တတ်သော ပတ်ဝန်းကျင်။

မဝါ နေပုံထိုင်ပုံ၊ ကိုကို ဝင်ထွက်သွားလာပုံတွေကို အကဲခတ်ကြသော မျက်လုံးတွေ။ နောက်ဆုံး မကောင်းမှုဖြင့် စီးပွားရှာနေသလိုလိုပင် ရင့်ရင့် သီးသီး ပုတ်ခတ်လာကြသည်အထိ မဝါ အထိပါး ခံခဲ့ရသည်။

ရုံးမှာ ကျတော့လည်း မဝါ တတ်နိုင်သမျှ လိုက်လိုက်လျောလျော နေထိုင်ဆက်ဆံပါလျက် ထင်သလို အနားကပ်ခွင့်မရသူတွေ၊ ဆရာကြီး လုပ်ခွင့် မရသူတွေ၏ အငြိုးအတေး အပင့်အထောင်ကြားမှာ မနည်းကြီး သတိထားနေ ရလေသည်။

မဝါမှာက မိန်းကလေးသူငယ်ချင်းရယ်လို့ တရင်းတနှီး မရှိ၊ တခန်းထဲ အလုပ် လုပ်နေသူများကလည်း သူ့ကိစ္စနှင့်သူ၊ မဝါကလည်း မဝါကိစ္စနှင့် မဝါမို့ ဘာသိဘာသာ။ မဝါကိစ္စမျိုး ဆိုသည်ကလည်း အခြားမိန်းကလေးများနှင့် မတူတတ်သည်မို့ မဝါသည် ရုံးခန်းထဲမှာ လူမျိုးခြားလို ဖြစ်နေ၏။ ဇာတ်ချင်း မတူသည့်နှယ်မို့ သူ့စည်းနှင့်သူ၊ ကိုယ့်စည်းနှင့် ကိုယ်။

သို့သော် မဝါကသာ လိုလားမည်ဆိုပါလျှင် အားကိုးအားထား ပြုနိုင်မည့်၊ ထီးလို ဆောင်းထားနိုင်မည့် အသုံးချသတ္တဝါတယောက်ယောက်ကို ရုံးမှာပင် အလွယ်တကူ ရနိုင်လေသည်။

မဝါကိုယ်တိုင်က ရုံးဝန်ထမ်းတို့၊ လခစားတို့ဆိုလျှင် မသုံးချင်။ အထင်ကြီး၍ မရ။ ပုံမှန်လစာနှင့် တိုင်းထွာနေရသူများမို့ ထောင့်နှစ်ရာစား



mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ဦးတော့ စိုပြည်လှ တခဏပင်။ အတွေ့အကြုံ နုနယ်စဉ်ကတော့ မဝါ မမြင်ဖူး၍ မူးကို မြစ်ထင်ခဲ့မိသည်။

ဌာနမှာ လက်ထောက်အကြီးအကဲဖြစ်သော ရွှေတောင်ကြားမှာ နေသော ကိုကို ဦးဖေလှိုင်မြင့်ကို မျှော်လင့်ချက်များ အခိုင်သားနှင့် ဆက်ဆံမိခဲ့သည်။

ကြာတော့ ဈေးသည်ဆန်သည့် အရာရှိကို စိတ်ပျက်လာရလေသည်။ အဲသည် ကိုကိုက တလနှစ်ရာ ပုံမှန်ထောက်ပံ့သော်လည်း အပို တခြားတချပ် အပွန်းမခံ။ ရုပ်ရှင်လည်း အတူတူ တွဲမကြည့်တတ်။ ဟိုဟိုသည်သည် အလည် အပတ်လည်း မခေါ်ဖူးပေ။ သူ ချိန်းသည့်အချိန် ရောက်အောင် ကိုယ့်အစီအစဉ်နှင့်ကိုယ် သွားရသည်။ တက္ကစီစရိတ်ပင် မဝါက ပြန်စိုက်နေရသေး၏။

လက်ဆောင်ဆို၍လည်း အင်္ကျီစလို၊ လက်ကိုင်အိတ်လို ငွေကုန်ကြေးကျ မများနိုင်သော ပစ္စည်းမျိုးသာ မေ့မှတခါ လျော့မှတခါ ပေးချင်သည်။ တော်ပြီ၊ သည်တချီနှင့်ပဲ နောင်တကြီးစွာ ရခဲ့ပြီ။

ဆရာ ကိုလွမ်းဝေကျတော့ ဦးဖေလှိုင်မြင့်နှင့် ဆန့်ကျင်ဘက်။ သုံးလိုက်စွဲလိုက်သည့် အမျိုးမှာတော့ ငွေကို ငွေမှ မှတ်ပါသေးရဲ့လား ထင်ရသည်။ အနုပညာသမားတို့၏ ငွေ ဖွေးခနဲ လက်ခနဲ ပေါ်တတ်သော စန်းမျိုးကို မဝါ အထင်ကြီး မဆုံးနိုင်ခဲ့။

စန်းထချိန်ကုန်၍ ကံမိုန်ပြီ ဆိုတော့လည်း တမျိုးပေါ့လေ။

မဝါကတော့ စီးပွားရေးသမား ဖြစ်ဖြစ်၊ စန်းထနေဆဲ အနုပညာသမားဖြစ်ဖြစ် အားကိုးရာတော့ ရှာချင်သေးသည်။

ခုလည်း ရဲလွှင် မရိပ်မိအောင် ပန္နက်ရိုက်နေသည့် စီမံကိန်းတခု ရှိသည်။

ဆရာလွမ်းဝေနှင့်ပတ်သက်၍ ဝင်ထွက်ဆက်ဆံခဲ့ဖူးသော ထုတ်ဝေသူ တယောက်က မဝါကို ချဉ်းကပ်လာသည်။ ဝတ္ထုကလေး ဘာကလေး ရေးချင်ရင် ရေးပါ။ သုံးအုပ်စာလောက် ပြီးရင် ဆက်တိုက်ထုတ်ပေးမယ်ဟု ချီးမြှင့်နေ၏။

မဝါ စာပေဝါသနာပါသည်ကို သူတို့ သိသည်။ သို့သော် ခင်ဝင့်ဝါ ဝတ္ထုများနှင့်အတူ တခြားလိုလားချက် တစုံတရာ ပါမည်ဆိုသည်ကိုတော့ မဝါ ချက်ခနဲ နားလည်လိုက်လေသည်။


mgyoe.com

mgyoe.com

တခါမက နှစ်ခါမက ဘဝမှာ သာတလှည့် နာတလှည့် ကြုံရပေါင်း များခဲ့ပြီမို့ သည်တကြိမ်တော့ ရင်းစားကျေရုံမျှနှင့် မစွန့်စားနိုင်ဟု မဝါ စဉ်းစားစပြုသည်။

ကိုယ့်အတွက် ထိုက်ထိုက်တန်တန် အမြတ်စွန်း ကျန်နိုင်ပါမည်လားဟု တွက်ဆလျက်ရှိပြီ။ တခုက မဝါ ကျော်ကြားချင်တာလည်း အမှန်။ ပခုံးချင်းယှဉ်၍ တိုက်ခိုက်နေရသည့် ပတ်ဝန်းကျင်အလယ်မှာ တခေတ်တခါတော့ မဝါတို့ ရင်ကော့လျှောက်ပြလိုက်ရဦးမည်။

အဲ... ဝတ္ထုရေးချင်ပေမဲ့ ပြုန်းခနဲ ရေးချလိုက်ဖို့က ခက်နေသည်။ ကိုယ့်ဘဝ ဝေဒနာတွေ၊ ခံစားချက်တွေကို ဖွင့်အန်ပြီး ဝတ္ထုဖြစ်အောင် ဖန်တီးပေးဖို့ ရဲလွင်ကို အားကိုးရတော့မည်။

တိုက်ဆောက်မပြီးခင်မို့ ငြမ်းကို မဖျက်ဝံ့သေး။ ရဲလွင်နှင့် အတူတကွ ပူးပေါင်းလုပ်မှ ပြီးမြောက်နိုင်မည့် ကိစ္စတွေ ရှိနေသည်။

ရဲလွင် လေ့ကျင့်ရေးထားသည့် ဝတ္ထုစာမူကြမ်းတချို့မှာ အတော်ကလေး ဖတ်၍ ကောင်းသည်ထင်၏။ တောင်းလျှင် မရစရာ မရှိ။ မဝါ အတွက်ဆိုလျှင် အရိုးကြေကြေ အရေခန်းခန်း မငဲ့တမ်း ကြည်ဖြူမည့် အမောင်။

သြော် အမောင်။ ချစ်စရာကောင်းလှတဲ့ ဖိနပ်ကလေးဟု တွေးရင်း မဝါ အားပါးတရ ပြုံးလိုက်မိသည်။

*

ရယ်သံသည် နှုတ်မှ ပွင့်ထွက်သွားသည်ထင်၏။ ရဲလွင်က ဖျတ်ခနဲ မော့ကြည့်သည်။ အောက်သိုးသိုး အမူအရာက မျက်နှာတွင် မပျက်ပြယ်။

"ထမင်းလဲ အရာမယွင်းသေးဘူး။ ဘာဖြစ်နေတာလဲ။ အလကားပဲ ရယ်ပဲ ရယ်နေတယ်"

"သြ... ဟုတ်ကဲ့။ မဝါတော့ ပြောလိုက်တာ။ သူ့ကျတော့ အလကားပဲ။ စူအောင့်အောင့် ညိုပုပ်ပုပ် ဖြစ်နေတယ်။ ဘာဖြစ်မှန်းမသိ၊ ထမင်းချည်း ဖိသွတ်နေတာ နင်တော့မယ်"

သည်တော့မှ ရဲလွင် ပြုံးဖော်ရလာသည်။ ဆုပ်ထားသော ဇွန်းခက်ရင်းကို အသာချထားလိုက်ပြီး ချဉ်ပေါင်ဟင်းချိုကို တရှုပ်သောက်လိုက်၏။


mgyoe.com

mgyoe.com SAMPLE BOOK

"ဘာမှ မဖြစ်ပါဘူးဗျာ။ ဒါတွေ မဝါ နားမလည်ပါဘူး"

"ဩ... ဟုတ်ကဲ့၊ ကျွန်မ ရယ်ချင်တာလည်း ရှင် နားမလည်နိုင်ပါဘူး လေ ကဲ"

မဝါက စူစူမူမူကလေး ပြောလိုက်ကာ ထမင်းကို ပုံမှန်ဆက်စားနေသည်။ တကယ်တော့ မဝါမှာ ရယ်စရာတွေ ပြည့်နေ၏။ ဆရာလွမ်းဝေကို တွေ့ခဲ့ပုံကလေးကလည်း ရယ်စရာ။ အမောင့်ကို ကြည့်နေရသည်မှာလည်း ရယ်စရာ။ ပြီးတော့ လူမသိ သူမသိ ဆရာလွမ်းဝေကို နှုတ်ဆက်ခဲ့ပုံကလေးကလည်း တကယ့်ကို ရယ်စရာ။

အဝတ်ဟောင်းဆိုင်ရှေ့မှာ ဆောင့်ကြောင့်ကြီးထိုင်၍ မွှေနှောက်နေသော ကိုကို့ကို မဝါ ဆေးဆိုင်မှာ ရပ်နေကတည်းက မြင်လိုက်သည်။ အမောင့်ကို ဘာမျှ အသိမပေးသေးဘဲ အမြန်ဆွဲထုတ်လာခဲ့ပြီး အဝတ်ဟောင်းဆိုင်ရှေ့မှာ ကိုကို့နံဘေးက တိုးဝှေ့ရပ်ခဲ့သည်။

ကိုကို့ပခုံးသားတွေကို မသိမသာ ထိပါးကျီစယ်ခဲ့ရုံမက ပြန်အထွက်မှာ လုံချည်စဖြင့် တမင်တကာ ချိတ်ငြိစေခဲ့သေး၏။

လေသံကိုမြှင့်၍ 'ခင်ဝင့်ဝါ' ဖြစ်ပါကြောင်းကိုလည်း သိစေခဲ့ပြီ။

သို့သော် ကိုကို ကုပ်နေသည်။ တချက်ကလေးမျှ မော်၍မကြည့်။ ဟဲစပရေးနှင့် အစဉ်သင်းပျံ့တောက်ပြောင်ခဲ့သော ကုပ်ထောက်ဆံပင်များမှာ ထိပ်ကွက် ကျိုးကျဲ ဖွာလန်ကြဲလျက် ရှိပြီ။

ကိုယ့်ကို မျက်နှာချင်းမျှ မဆိုင်ဝံ့တော့သည့် အဖြစ်ကို တွေ့ရပြန်တော့ တချိန်က ကိုယ့်ကို အသုံးချခဲ့သည့်အဖြစ်၊ နိုင်စားခဲ့သည့်အဖြစ်တွေကို ပြန်သတိရကာ အမှန်တကယ် အားရချင်သည်။

အဲသည်တချက်ကမှ တကယ့်ကို ရယ်စရာကောင်းနေလေသည်။

တချိန်က အသုံးချခံခဲ့ရသည်၊ နစ်နာခဲ့ရသည် ဖြစ်လည်း မဝါ ယခု သူ့ကို ပစ်ခွာခဲ့ပြီ။

သူက ကိုယ့်ကို အသုံးချခဲ့သလို ကိုယ်ကလည်း အသုံးချခဲ့တာပါပဲ။ သုံးမရတဲ့တနေ့မှာ ကိုယ်က စွန့်ခွာတာပဲဟု မဝါက ဘဲစားဘဲချေ ကျေနပ်ချင်ပြီ။

ရှိသေးရဲ့။ အသုံးချခံ သတ္တဝါတကောင်။

ဇလပ်နီတစေ

mgyoe.com

mgyoe.com

"အမောင်"

နှုတ်မှ တုံ့ပြန်မထူးသော်လည်း အမောင့်မျက်လုံးများထဲမှာ နာခံခြင်းကို မဝါ ရှာဖွေတွေ့လိုက်သည်။

"ဒီည မဝါကို စောစောပြန်ပို့၊ မနက်ကျရင် ယူ မမသက် ကျောင်းသွားတာနဲ့ မဝါကို လာခေါ်။ အမောင့်အခန်းကလေးထဲမှာ တို့နှစ်ယောက် စာရေးကြမယ်ကွယ်။ နော်၊ မဝါ ခွင့်ရှည်ယူလိုက်မယ်"

အံ့သြစိတ်ဖြင့် စူးစိုက်နေသော ရဲလွင်မျက်လုံးများကို စစ်ဆေးကြည့်ရသေးသည်။ တကယ်တော့ ဘယ်တုန်းကမျှ မဝါကို ရဲလွင် လွန်ဆန်လေ့မရှိ။

"နော် အမောင်ရယ်၊ ဘယ်လိုလဲကွယ် လာခေါ်မယ် မဟုတ်လား"

"ခေါ်မယ်လေ။ လာခေါ်မှာပေါ့၊ ဒါဖြင့် နေ့တိုင်းနော် မဝါ၊ ဝတ္ထုရေးတယ်ဆိုတာ ရက်ပျက်လို့ မဖြစ်ဘူး"

မဝါ ရယ်မိပြန်လေသည်။

ရဲလွင်ကလေးကတော့ ဘယ်လိုအဓိပ္ပာယ် ကောက်မည် မသိ။ သူလည်း သူ့တွက်ကိန်းနှင့်သူတော့ ဘယ်လိုရှိမည် မသိ။ ပိုက်ကို ခုန်တိုးလာသည့် သားကောင်ပါကလားဟု မဝါကို ချစ်သနား ပိုရော့မည် ထင်သည်။

ခံလိုက်ပေဦးတော့။ နားရွက်ထောင်လှသည့် ယုန်သူငယ်။

(၄)

အချစ်သည် နှလုံးသားမှ ဖြစ်ထွန်းလာသော အမြုတေဟု ဆို၏။

သို့သော် တရံရောအခါက အချစ်ကို ဦးနှောက်မှ ဖန်တီး ထုတ်လုပ်ခဲ့သော လူ သုံးဦး အသက်ထင်ရှား ရှိခဲ့လေသည်။

*စာပေလုပ်သားမဂ္ဂဇင်း၊*

*အမှတ် (၃)၊ ဇွလိုင်၊ ၁၉၈၁။*

✣


mgyoe.com



mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



# ဂန္ဓဝင်မယ်မ၏ အလှကုံးရှုများ

တင်မာကျော်သည် အစိမ်းပုပ်ရောင် ဖယောင်းပုဆိုးထက်မှ ဖိတ်ဖိတ်လက်နေသော အနက်ရောင် ဆက်တီထိုင်ခုံ အသစ်စက်စက်ပေါ်တွင် မဟေသီ စတိုင်ထိုင်ရင်း မိမိ၏ခမ်းနားထည်ဝါလှသည့် ဧည့်ခန်း အဆင်အပြင်ကို တစိမ့်စိမ့် ပီတိ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်နေ၏။ ကိုကို ရှိစဉ်အခါက သင်ဖြူးဖျာစုတ်ပင် ခင်းစရာ မရှိသော တင်မာကျော်။ ပေါက်ခေါမောင်စိန် ကုန်စုံဆိုင်မှ လခထုတ်ပေး ယူစားထားသော အကြွေး မဆပ်နိုင်၍ တောက အမေ့အိမ် ပြေးပြီး ကြွေးရှောင်ခဲ့ရသော တင်မာကျော်။ အစိုးရတိုက်ခန်းလခ ၂၇ လကျော် ကြွေးကျန်ရှိ၍ ချိတ်ပိတ်ခံခဲ့ရဖူးသော တင်မာကျော်။ ရပ်ကွက်ထဲမှာ ခေါင်းမဖော်ရဲဘဲ မိမိဖိနပ်ဦးကို ငုံ့ကြည့်ပြီး ကုပ်ချောင်းချောင်း လမ်းလျှောက်ခဲ့ရသော တင်မာကျော်။ ဩော် လူ့ဘဝဆိုတာ ဇာတ်ပွဲ ကြည့်ရသလိုပါကလားနော်ဟု တင်မာကျော် ဆင်ခြင်မိသည်။ ပွဲထဲမှာ ပုဏ္ဏားနှိပ်စက်ခန်း ပြီးဆုံးလျှင် ထွက်ပေါက်ပိတ်နေသော ဇာတ်လိုက်၏ ဒုက္ခအဝဝကို ကယ်တင်မည့်သူ ပေါ်လာမြဲပင်။

အမှန်တော့ ကိုကို ကွယ်လွန်ခြင်းသည် တင်မာကျော်အဖို့ ဒုက္ခအားလုံး ပြည်ဖုံးကားချလိုက်ခြင်းပင်တည်း။ သူတပါးကြားလျှင် နားခါးစရာမို့ အများရှေ့မှာ မပြောကောင်းသော်လည်း တင်မာကျော်အဖို့ကတော့ ကိုကိုသည် သေခြင်းကောင်းသော ယောက်ျားပါပဲ။

ဟုတ်သည်လေ။ ကိုကိုရှိစဉ်က ဝင်ငွေနှင့် ထွက်ငွေ မကာမိ၍ နှစ်ဆယ့်လေးနာရီလုံးလုံး မိုးချည်းချုပ်နေစေချင်သည်။ တမိုးသောက်လျှင် ကလေးနှစ်ယောက်၏ မုန့်ဖိုး၊ နာတာရှည် နှလုံးရောဂါသည် ကိုကို့အတွက် ဆေးဖိုးဝါးခ။ ပြီးတော့ ရက်ချိန်းအလီလီ ပေးထားသော ပဲပြုတ်သည်၊ ဘူးသီးကြော်သည် အစရှိသော ခေါင်းရွက်ဗျပ်ထိုး ကြွေးရှင်တဒါဇင်ကျော်ကို ဘယ်လို မျက်နှာချင်း ဆိုင်ရပါ့မလဲ။

အိမ်ဦးနတ် မောင်မင်းကြီးသားက နှလုံးရောဂါ ဖိစီးနှိပ်စက် ခံနေရပါလျက်ကနှင့် ဖဲဝိုင်းပော့ဆိုလျှင် သားမေ့မယားမေ့။ ဘောလုံးပွဲ ဆိုလျှင်လည်း ရှေ့ဆုံးက။ သည်တော့ တင်မာကျော်တို့ မိသားစု ဆန်ထုတ်စရာ ပိုက်ဆံမရှိ၍ ကြာဆံသုပ် အကြွေးဝယ်စားရသည်မှာလည်း မကြာခဏ။

အသက်ရှင်စဉ်က မယားအပေါ် တာဝန်မဲ့ခဲ့သော ကိုကို။ ‘သေသော်မှ တည့် ဩော် ကောင်း၏’ ဆိုသော စကားမှာ ကိုကို့အတွက် ထားခဲ့လေရော့သလား မသိ။ လူဆိုတာ သေမျိုးပါပဲ။ သေတနေ့ မွေးတနေ့ပါပဲ။ အထူးသဖြင့် ကိုကို့လို နှလုံးရောဂါသည်မှာ ကိုးဆယ်ရာခိုင်နှုန်း မျှော်လင့်ချက် ကုန်ဆုံးနေသူ။ နှလုံးပါရဂူ ဆရာဝန်ကြီးများက ကိုကို တနှစ်ထက် ပိုမနေရတော့ဟု


mgyoe.com

mgyoe.com SAMPLE BOOK

တညီတည္ဟတ်တည်း ဆိုကြသည်။ ဟော… တကယ်သေတော့ နှလုံးရောဂါနှင့် မဟုတ်။ မျဉ်းကြားပေါ်တွင် ကားတိုက်ခံရပြီး ပွဲချင်းပြီးရှာသည်။

ကိုကို သေဆုံးပြီးနောက် တင်မာကျော်အတွက် ငွေတောင်ကြီး ပေါက်တော့သည်။

ကိုကို့ကို ကားနှင့် ဝင်တိုက်မိသူမှာ နိုင်ငံခြားသို့ သွားရောက် အမှုထမ်းအံ့ဆဲဆဲ စာရင်းအင်းပညာရှင်။ မှုခင်းကိစ္စကြောင့် နိုင်ငံခြားသွားခွင့် မရလျှင် သူ့ရည်ရွယ်ချက်၊ စီမံကိန်းတွေ ပျက်ရတော့မည့်သူ။

ထုံးစံအတိုင်း အမှုကျေအေးပါရန် တင်မာကျော်ထံ ချဉ်းကပ်၏။ ဟာ ဟ တင်မာကျော် အငိုကောင်းသဖြင့် ငွေသုံးသောင်းကြီးများ ရလိုက် လေသည်။ တဆက်တည်းပင် ယာဉ်တိုက်မှု အာမခံလျော်ကြေး ငွေတသောင်း။ ဝန်ထမ်းအာမခံက ခြောက်ထောင်ကျပ်။ ကိုကို့အလုပ်ဌာနကရသည့် ပင်စင် ကရုဏာကြေးက ငါးထောင်။ စုစုပေါင်း ငါးသောင်းတထောင် တိတိ။

သည်ငွေထုပ်ကြီးမှာ တင်မာကျော့် အနာဂတ်ခရီးအတွက် အရေး အကြီးဆုံး အရင်းအနှီးပင်ဖြစ်၏။ တင်မာကျော် တက္ကသိုလ်ဝင်တန်းကျောင်းသူ ဘဝက သင်ခဲ့ရဖူးသော 'ဆိုင်းလတ်မာနာ' ဝတ္ထုထဲက ဇာတ်ကောင်အဘိုးကြီး လိုပင် ကိုယ်ပိုင်ရတနာတွေကို ညစဉ် ရေတွက် မကြည့်ဘဲ အိပ်မပျော်။ သည်ငွေတွေကို မြင်ရတိုင်း တင်မာကျော့်မျက်လုံးများသည် အရောင်တဖျပ်ဖျပ် တောက်ပလာမြဲပင်။

တင်မာကျော် ငယ်စဉ်က ကြီးပွားချင်စိတ်၊ ကျော်ကြားလိုစိတ် အလွန် ပြင်းထန်ခဲ့ဖူးသည်။ ပြည့်ဖြိုးဖောင်းကြွသော ကိုယ်ကာယအလှ အားကိုးဖြင့် ရုပ်ရှင်မင်းသမီးလုပ်ရန် ကြိုးစားဆဲတွင် ကိုကိုနှင့် အိမ်ထောင်ကျပြီး ရေတိမ် နစ်ခဲ့ရသည်။

ရိုးသားစွာ ဝန်ခံရလျှင် ကိုကိုနှင့် လက်ထပ်ဖြစ်ခဲ့ခြင်းမှာလည်း ရုပ်ရှင် မင်းသမီး လုပ်ရန် စီမံကိန်းက အဓိကပင်။ ကိုကို့အစ်မအရင်းက ရုပ်ရှင်ကုမ္ပဏီ ပိုင်ရှင်မို့ တနေ့တွင် ကိုကို့မယားအနေဖြင့် အခွင့်အရေး ကောင်းလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ ပြီးတော့ ကိုကိုသည် ဂုဏ်သရေရှိ လူကြီးတဦး၏ မိသားစုဝင် ဖြစ်၍ တနေ့သောအခါ အရှိန်အဝါဖြင့် ထိပ်သီးအရာရှိကြီး ဖြစ်လာလိမ့်မည် ဟုလည်း ယုံကြည်ခဲ့၏။


mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် တင်မာကျော့်အိပ်မက်များသည် လက်တွေ့တွင် တခုမှ မပီပြင်ချေ။ ကိုကို့အစ်မကြီး စီးပွားပျက်ခြင်းကြောင့် နံပါတ်တစ် မျှော်လင့်ချက်ကြီး ပြိုပျက်ခဲ့ရသည်။ ကိုကို အရာရှိ ဖြစ်လာနိုးဖြင့် အမျိုးမျိုး ကြိုးစားခဲ့သော်လည်း ဝန်ထမ်းလုပ်သက် နှစ်ဆယ်ကျော်သည်အထိ အထက်တန်းစာရေးမှ မတက်ခဲ့။ ဂုဏ်သရေရှိလူကြီးမင်းလည်း ယနေ့တော့ ထီးထမ်းလမ်းလျှောက်ဘဝသို့ လျှောကျခဲ့ပေပြီ။ သို့ဖြင့် မျှော်လင့်ချက်အားလုံး ဆုံးရှုံးနေသော လူ့သစ်ငုတ် တင်မာကျော်သည် ကိုကိုသေဆုံးပြီးမှ အညွန့်တလူလူ ထွက်လာလေသည်။

ခုတော့ လက်ထဲမှာလည်း ငွေထုပ်ရှိပြီ။ တာဝန်ကြီးလှသော ကလေးနှစ်ယောက်ကိုလည်း တောမှ အဘိုးအဘွားများက အပြီးအပိုင် မွေးစားရန် ခေါ်သွားပေပြီ။

အသက်လေးဆယ်ပြည့်မှ တင်မာကျော်သည် ဘဝသစ် ပြန်စကာ လွတ်လပ်ခြင်းအရသာကို အပြည့်အဝ ခံစားရပေတော့မည်။ အနာဂတ်ကို တင်မာကျော် မကြောက်တော့။ မော်လမြိုင်ဘက် ဆင်းပြီး ကုန်သည်လုပ်ရကောင်းမလား။ အမည်ခံဝတ္ထု အားကိုးဖြင့် 'ကလေးသိ၊ ခွေးသိ' စာရေးဆရာမကြီး လုပ်စားရကောင်းမလား ဆုံးဖြတ်ရသေး။

ယုန်မွေးဆွယ်တာ သုံးထည်၊ ဈေးကြီးပေးဝယ်ထားရသော ကီမိုနိုထဘီ ခြောက်ထည်၊ စင်ကာပူခုံထူရွှေဖိနပ် နှစ်ရန် အသင့်ရှိထားပြီးမို့ စာရေးဆရာမအဖြစ် စင်မြင့်ပေါ် တက်ပြချင်သည်။ ဆရာသုခတို့၊ ဗိုလ်ဗကိုတို့နှင့် တွဲပြီး ဟောပြောပွဲ ထွက်ရလျှင် ငွေရောင်ပိတ်ကားပေါ် ရောက်ဖို့ လမ်းစရနိုင်ကောင်းပါရဲ့။

မိမိ၏ ဂန္ထဝင်အလှကို ဆရာသုခ မျက်စိကျပြီး သမီး ရိုက်မလားဟု မေးလာခဲ့သော် 'ဝါသနာတော့ မပါလှပါဘူး ဆရာရယ်၊ ဖြစ်ပဲ့မလား၊ စမ်းချင်စမ်းကြည့်လေ' ဟု မူပစ်လိုက်ဦးမည်။

စိတ်ကူးယဉ် နန်းတော်ကြီး တည်ဆောက်နေဆဲတွင် အိမ်ရှေ့မှ တံခါးခေါက်သံ နှောင့်ယှက်သဖြင့် တင်မာကျော် သတိပြန်ဝင်လာ၏။ တံခါးဖွင့်မပေးသေးမီ ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် ရပ်ပြီး မကြေသော အင်္ကျီကို ဆွဲချ။ မတွန့်သော ထဘီကို ဆွဲဖြန့်၊ အဆီမပြန်သော ကြွေမျက်နှာကို ပြန်လည်


mgyoe.com

 mgyoe.com SAMPLE BOOK 

ခြယ်သပြီးနောက် ရင်အလှ ဖောင်းကြွလှိုင်းထစေရန် ဝမ်းဗိုက်သားကို ချပ်၊ လက်ပြင်ကို အစွမ်းကုန်ကော့၊ ခေါင်းကို မော့လျက် အိမ်ရှေ့တံခါးမကြီးဆီသို့ အိပဲ့အိပဲ့ လျှောက်လာသည်။

"ဟဲ့ မန်ဒါလီရယ်၊ နင့်အခန်း လာရတာ ဘိုးပြန်တောင် တက်ရတာ ကျနေတာပဲ။ အမောကို ဆို့ရော"

"တို့ကား အောက်မှာ ထားခဲ့တယ်နော်၊ ဒရိုင်ဘာ မပါဘူး၊ စိတ်မှ ချရရဲ့လားဟင်၊ ဘောလုံးထိလို့ မှန်ကွဲပါဦးမယ်ဟယ်၊ အောက်က ကလေးတွေကို ကြည့်ပြောပေးပါဦး"

"ဟယ်... ကြောင်နက်နဲ့ မသြတို့ပါလား၊ ငါက အလှူခံလိမ်တွေ ထင်လို့ တံခါးမဖွင့်ပေးတာဟ။ ဘာလဲ၊ ဓာတ်ရိုက်ဓာတ်ဆင် ဗေဒင်ဆရာဆီ လာရင်း လမ်းကြုံလို့ ဝင်လာကြတာလား။ နင်တို့ အဘိုးကြီးတွေကလည်း ဒီအရွယ်အထိ စိတ်မချရသေးဘူးလားဟာ၊ သန်တုန်း မြန်တုန်းပဲလား"

မန်ဒါလီ အခေါ်ခံရသော တင်မာကျော် မျက်နှာမပျက်အောင် သတိကြီးစွာ ထားနေသလိုပင်။

ကြောင်နက် အမည်ခံ ချောဥမ္မာနှင့် မသြခေါ် လှရူပါတို့သည်လည်း ချက်ကောင်းကို ထိပါလျက် မနာဟန်ဆောင်ကာ ပင်ပန်းကြီးစွာ ဟန်လုပ်နေကြသည်။

ကျောင်းတုန်းကတော့ အချစ်ဆုံး၊ အတွဲဆုံး သူငယ်ချင်းတွေပါပဲ။ ခေတ်ဟောင်းက နာမည်ကြီးလှသော တက္ကသိုလ်ဝင်တန်းကို တဘုံးဘုံး ကျရှုံးပြီးနောက် ဆရာကြီး ဖွဲ့အုံးချိန်၏ ပညာဖြင့် လက်နှိပ်စက်စာရေးမ ဝင်လုပ်ကြကာ လင်ကိုယ်စီ အပိုင်စားရကြသောအခါ၌ ပြိုင်ဘက်များ ဖြစ်လာကြသည်။

တက္ကသိုလ်ဝင်တန်း ဖြေရန် ပုံစံတင်သည့်နှစ်မှာပင် မတင်ရီသည် တင်မာကျော်။ မလှချောသည် ချောဥမ္မာ။ မတင်လှသည် လှရူပါ ဖြစ်လာ၏။ သို့သော် ကျောင်းသားများ နှုတ်ဖျားတွင်မူ ခန္ဓာကိုယ် ကြီးမားဖွံ့ထွားသော တင်မာကျော်ကို မန်ဒါလီ၊ အသားညိုလွန်းသော ချောဥမ္မာကို ကြောင်နက်။ ကျောက်ပေါက်မာ သက်သက်ရှိသော လှရူပါကို သြဇာသီး အတိုကောက် မသြ။



mgyoe.com

mgyoe.com SAMPLE BOOK

ယခုတော့လည်း လောကရယ်ဖွယ်ပါတကား။ ကျောင်းကပွဲ၊ လှယဉ်ကျေးမယ် ရွေးပွဲ၊ မြို့နယ် မယ်ရွေးပွဲများတွင် တင်မာကျော့်ကို အမြဲ အရှုံးပေးခဲ့ရသော ကြောင်နက်သည် ညွှန်ချုပ်ကတော်အဖြစ် အောင်လံ ထူကာ ကြောင်နက်ထက်ပိုပြီး တင်းမာမှု ဆင်းရဲသော မသြမှာလည်း နိုင်ငံခြား သင်္ဘော အင်ဂျင်နီယာကြီးဇနီး ဖြစ်လာ၏။ အစကတော့ သူတို့ဘဝက ဒုတိယ ပါပဲ။ အငယ်တွေပါပဲ။ ယခုတော့ အကြီးတွေ သေပြီဖြစ်၍ မဟေသီအစစ်။ မုဆိုးကျော် သုံးယောက်အနက် ထိပ်ဆုံးက တင်မာကျော့်မှာ ကြွေးကြော်သံနှင့် လက်တွေ့ ဗီလာဖြစ်ကာ ဘဝပျက်ခဲ့သည်။ မြားတင်တုန်းကတော့ ဆင်၊ ထိမှန်တာက ကြွက်စုတ်။

"မန်ဒါလီရယ် နင်တယောက်တည်း ပျင်းနေမယ့်အစား ချောရဲ့ ကလေးတွေကို ကြည့်ပေးပါလားဟယ်။ နင့်စားဝတ်နေရေးအတွက် ငါ တာဝန် ယူမယ်"

"ကလေးထိန်းဖို့ စိတ်မပါရင် လှတို့အိမ် လာနေပါလားဟင်။ လူ ယောက္ခမ အထီးကြီးက လေဖြတ်ထားလို့ ပြုစုဖို့ လူလိုနေတယ်။ အဘိုးကြီး မျက်စိကျရင်တော့ နင့်ကုသိုလ်ပေါ့ဟာ"

"ရှင်ဘုရင်မကို န္တားကျောင်းခိုင်းလို့ ရမလားဟ။ အချိန်ဆိုတာ ငွေပဲ။ နင်တို့ကို သူငယ်ချင်းမို့သာ အချိန်ကုန်ခံ စကားပြောနေတာ။ ငါ ဝတ္ထုရေးနေ တယ်။ စာအုပ်တိုက်က စရန်ငွေသုံးသောင်း ယူထားတယ်"

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လေကြီးမိုးကြီး တိုက်ပြလိုက် သဖြင့် အောင်ပွဲခံ စစ်သူကြီးနှယ် သွေးနားထင်တက်လာသည်။

ကြောင်နက်နှင့် မသြတို့၏ ထိုးဆွမှုကြောင့် တင်မာကျော့်၏ ပြာဖုံး နေသော မာနမီးခဲသည် ရဲရဲနီလာလေ၏။

(၂)

"ငါ့တူမက အသက်လေးဆယ် ပြည့်ခဲ့ပြီပဲ။ ဆရာက အလွန်ဆုံး အသက်သုံးဆယ်ပဲ ရှိဦးမယ်မှတ်တာ။ တယ်ပြီး နုပျိုတာကိုးကွယ့်။ တကိုယ်ရေ တကာယသမား အပျိုဆိုတော့ နုပျိုပေမပေ့ါလေ။ အင်း… ငါ့တူမက မရဏဖွား ဆိုတော့ သေမြေကြီး ရှင်ရွှေထီးတဲ့ကွယ့်။ ကောင်းစားဖို့အချိန် ရောက်တော့


mgyoe.com

mgyoe.com SAMPLE BOOK

မယ်။ အင်္ဂါနဲ့ အကျိုးပေးသကွယ်။ စောင်၊ ဆီ၊ ဆား၊ စာပုံနှိပ်စက်လုပ်ငန်းများနဲ့ ကြီးပွားမယ်။ စစ်ဘက်၊ စက်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များနဲ့ အိမ်ထောင်ကျကိန်း ရှိတယ်။ အကြံအစည် အောင်မြင်ရန်အတွက် မွေးနေ့မွေးနံ ဘုရားဗုဒ္ဓဟူးထောင့်မှာ ငွေပန်းလှူပါ။ အုန်း၊ ကွမ်းနဲ့ ကြံသကာ ကပ်ပါ။ သစ်ကနက်ပုတီး ၉ ပတ် နေ့တိုင်းစိပ်ပါ"

အသက်သုံးဆယ်ကျော်၊ အပျို၊ စာပုံနှိပ်စက်၊ စစ်ဘက် စက်ဘက်ဆိုင်ရာ ပုဂ္ဂိုလ် အစရှိသော ဗေဒင်နှင့် ဆရာ့စကားလုံးများသည် တင်မာကျော်နားထဲတွင် ချိုမြအီဆိမ့်နေ၏။

ဟောကိန်းကို သဘောကျလှသဖြင့် သတ်မှတ်ဈေးနှုန်း တဆယ်အစား ရာတန်ထုတ်ပြီး ရက်ရောစွာ ပူဇော်ဖြစ်သည်။

ဆရာ့ညွှန်ကြားချက်အတိုင်း လိုက်နာခဲ့သဖြင့် တင်မာကျော် သူတော်ကောင်းကို နတ်ကောင်းမတော့မည် ထင်သည်။ စာရေးဆရာကိုမွဲပြာနှင့် ရေကြောင်းအင်ဂျင်နီယာ မောင်မောင်ချမ်းမြေ့တို့ကို အလုပ်စခန်း မိတ်ဆွေများအဖြစ် တင်မာကျော် စတင်သိကျွမ်းရသည်။

ဆရာကိုမွဲပြာ စာရေးဆရာ ဆိုသော်လည်း ပညာရှင် ဥပဓိရုပ်မျိုးမရှိ။ လင်းတကိုယ်နှင့် စာကလေး ဦးခေါင်း။ ကိုယ်ခန္ဓာမတန်တဆ ကြီးမားသူမို့ စကားပြောလျှင် ရင်ခေါင်းသံ ဩဩကြီး ဟိန်းထွက်လာမည် ထင်ရသော်လည်း ကျော်ဟိန်းထက်ပင် လေသံ တိမ်သေး၏။

"အမည်ခံဝတ္ထု ဝယ်ချင်တာတော့ ဟုတ်ပါပြီ။ ငါ့ညီမက ဘယ်လိုလိုင်းမျိုး လိုချင်တာလဲ။ ငွေဘယ်လောက် အကုန်အကျခံနိုင်မလဲ ပြောဦးလေ"

"ဒါတွေ တင်မာ မသိဘူးဆရာ။ လူကြိုက်အများဆုံး ဝတ္ထုမျိုးပဲလိုချင်တယ်"

"ဟုတ်ပါပြီ။ ဒီအလုပ်ကလည်း သမ္မာအာဇီဝ လုပ်ငန်းပါပဲ။ ဆေးလိပ်ခုံတို့၊ ယိုမျိုးစုံလုပ်ငန်းတို့လိုပေါ့ကွယ်။ ကျွမ်းကျင်သူတွေကို ငွေပေးခိုင်းပြီး ကိုယ်ပိုင်တံဆိပ် ကပ်တာပါပဲ။ ဈေးကွက်အဝင်ဆုံးကတော့ ဖိုမဆက်ဆံရေး လိင်ပညာပေး ဝတ္ထုမျိုးပဲ။ ဈေးကတော့ တပုဒ်ကို သုံးထောင်။ များတယ် မထင်နဲ့နော်။ ရေရှည်ကို ကြည့်။ မကြာခင် ငါ့ညီမ စောင်ရေသုံးထောင်ပြတ်တဲ့ စာရေးဆရာမကြီး ဖြစ်လာမှာ။ စောင်ရေ သုံးထောင်ဆိုရင်


mgyoe.com

mgyoe.com SAMPLE BOOK

စာမူခ တသောင်းရှစ်ထောင်၊ ငါ့ညီမ အရင်းက ငွေသုံးထောင်တည်းဆိုတော့ တအုပ်ကို တသောင်းခွဲ စားရမှာဗျ"

သို့ဖြင့် တလအတွင်း လုံးချင်းစာမူ ငါးပုဒ် လက်ဝယ်ရရှိကာ လက်ငင်း ငွေချေစနစ်အရ ငွေတသောင်းခွဲ ရင်းနှီးမြှုပ်နှံလိုက်ရသည်။ ကလောင်အမည် ရွေးရန်အတွက်လည်း ဆရာသမားများကိုပင် စားပွဲသောက်ပွဲကြီး တည်ခင်း ညှော့ခံကာ အကြံကောင်း ဉာဏ်ကောင်း တောင်းခံရသည်။

"လုံးချင်းဝတ္ထုလောကမှာ ကလောင်အမည် ထူးခြားဖို့က အဓိကပဲ၊ ကလောင်အမည် နုရမယ်၊ လှပရမယ်၊ ခေတ်မီရမယ်၊ အငှားဆိုင်ဖတ်ပရိသတ် စိတ်ဝင်စားမယ့် နာမည်မျိုး ဖြစ်ရမယ်"

ကျေးဇူးရှင် ဆရာသမားများက တယောက်တပေါက် အကြံပြုကြရာမှ နောက်ဆုံးတွင် 'ဒစ္စကို မလွမ်းပို' ကလောင်အမည် အတည်ဖြစ်သွားသည်။

ဟိမဝန္တာ စာအုပ်တိုက်ပိုင်ရှင် ကျောင်းနေဖက်သူငယ်ချင်း ကိုမူတူး ထံသို့ လုံးချင်းစာမူငါးပုဒ် သွားပို့သည်တွင် လူမည်းကြီးက ပုလဲတွေပေါ်အောင် ပြုံးကာ လှိုက်လှဲစွာ ကြိုဆိုလက်ခံသည်။

"လုပ်လှချည့်လား တင်မာရ၊ နင် ဒီလောက် ရေးအားကောင်းမယ် မထင်လို့ အိမ်ကိုလာပြီး စာမူ မယူသေးတာ။ ကောင်းတယ်၊ များများရေးပေး၊ အရင် ငါပြောထားတဲ့ အတိုင်းပဲနော်၊ ငါးအုပ်အထိ အလကားရေးပေးရမယ်၊ ငါးအုပ်ကျော်လို့ အောင်မြင်ရင် ရာခိုင်နှုန်းနဲ့ ပေးမယ်၊ နင် နာမည်ကြီးလာမှ ဘာညာကွိကွ မလုပ်နဲ့၊ ငါတို့က အနစ်နာခံပြီး တင်ပေးရတာ"

"အိုကော၊ ရေးဖို့က တင်မာအလုပ်၊ ထုတ်ဖို့က ကိုမူတူးတာဝန်၊ တင်မာ အမြန်ဆုံး စာအုပ်ထွက်ချင်တယ်"

"စိတ်ချ တင်မာ၊ တလတအုပ် ဆက်တိုက်ထုတ်ပေးမယ်၊ အရေ အတွက်များရင် အောင်မြင်တာပဲဟ၊ ဘူတာကြီးဘေးမှာ ဆိုင်းဘုတ်ထောင် မယ်၊ ပိတ်ကြီးဟန်ကြီး ကြော်ငြာမယ်၊ ယနေ့ အတော်ဆုံး အကျော်ဆုံးတွေရဲ့ သရဖူကို လုရအောင် ဒစ္စကို မလွမ်းပို လာပါပြီ... ဘာညာပေ့ါဟာ၊ ကြောင် တယ်မထင်နဲ့၊ တို့အလုပ်က ကြောင်နိုင်မှ စားရတာဟ"

တင်မာကျော် ပျော်လိုက်သည့်ဖြစ်ခြင်း။ နောက်တပတ်အကြာတွင် ကိုမူတူးနှင့် အဖော်တယောက် တင်မာကျော့အိမ် ပေါက်ချလာသည်။


mgyoe.com

mgyoe.com SAMPLE BOOK

မျက်နှာဖုံးပန်းချီအတွက် တိုင်ပင်ရန် ပန်းချီဆရာပါ ခေါ်လာခဲ့ဟန် တူသည်။ ကိုမူတူးက မည်းမည်းကြုတ်ကြုတ် စဥ့်အိုးရုပ်။ ပန်းချီဆရာပုံစံမှာ ခဲတံထောင်ထားသည့်နှယ် ပိန်ပိန်သွယ်သွယ်ဖြူဖြူ။ သူတို့ နှစ်ယောက် ယှဉ်တွဲလာပုံမှာ ကျွဲပေါက်ကြီး နံဘေးတွင် ကြွက်ဝမ်းဖြူကလေး ကပ်ပါလာသည်နှင့် တူလှ၏။

ပန်းချီဆရာမှာ သေးကွေးပိန်လှီရသည့်အထဲ ရောမလွယ်အိတ်ကြီးကို ပခုံးမှာ ချိတ်၊ ဖားလျားပွယောင်းနေသော ပင်နီတိုက်ပုံကြီးကို ဝတ်ထားလေရာ အဖေ့ပစ္စည်းများနှင့် ဟန်ရေးပြနေသော လေးတန်းကျောင်းသားလေးနှင့် တူနေလေ၏။

"တင်မာရာ နင် တော်တော် နောက်တာပဲ။ ငါက စာဖတ်အားတာ မဟုတ်ဘူးဟ၊ ဟောဒီ ငါ့စာပြင်ဆရာ ကိုဇလ ပြောပြပေလို့ ကံသိလို့သာ အရှက်မကွဲတာ၊ ဟိမဝန္တာက ခြံတောင်ပို့ ဖြစ်တော့မလို့ ဟေ့"

"ဟုတ်ပါတယ်ခင်ဗျ။ အစ်မကြီး စာမူငါးပုဒ်စလုံးက သူများထုတ်ဝေပြီး ဝတ္ထုတွေကို အစအဆုံး ပြန်ကူးချထားတာတွေ ဖြစ်နေတယ်။ အစ်မကြီး အလိမ်ထိတာ ဖြစ်ပါလိမ့်မယ်။ မဟုတ်မှလွဲရော ကျွန်တော်တော့ ရွှေဂုဏ်တင့် လက်ချက် ထင်တာပဲ၊ ဒီကောင် ရုပ်ရှင်လောကမှာ လိမ်စရာ မရှိတော့လို့ စာပေလောကထဲဝင်ပြီး အချဉ်ဖမ်းနေတယ် ခင်ဗျ"

လေးဘက်လေးတန် အုတ်နံရံများသည် ရေတံခွန် အသွင် ပြောင်းကာ တင်မာကျော် အပေါ်သို့ အရှိန်ပြင်းစွာ စီးဆင်းလာ၏။ ခြေနင်းထားသော အစိမ်းပုပ်ရောင် ဖယောင်းပုဆိုးအခင်းသည် လှိုင်းတံပိုးပမာ မာန်ဖီလျက် တင်မာကျော်၏ မျက်နှာကို ဝုန်းခနဲ လာရိုက်ချ၏။ ထို့နောက် တင်မာကျော် ဘာမှမသိတော့။

(၃)

တင်မာကျော် ဆေးရုံတက်နေရသည့် ရက်များအတွင်း သွေးပုလင်း ဆေးဝါး၊ ဓာတ်စာပါမကျန် လိုလေသေးမရှိ ပံ့ပိုးသူ ဒကာတော် ရေမြေ့ရှင်မှာ ရေကြောင်းအင်ဂျင်နီယာ မောင်မောင်ချမ်းမြေ့ပါတည်း။ တင်မာကျော်က ရက်ရောစွာ ငွေတထောင်အုပ် ထုတ်ပေးသော်လည်း မယူ။


mgyoe.com

mgyoe.com SAMPLE BOOK

"မမက ကျွန်တော့်ကို အထင်သေးရက်လိုက်တာဗျာ၊ ဒီလောက်ကလေး ကုန်ကျရုံနဲ့ မောင်မောင်တို့ မွဲမသွားနိုင်ပါဘူးဗျ"

ဟုတ်မည်။ မောင်မောင် အသုံးအဆောင်ပစ္စည်းများက လူနေမှုအဆင့်အတန်းကို ပြောပြနေကြသည်။

ဆဲဗင်းဒေးဖောရင်းရှပ်

တူးအိပ်ဖိုလ်ဖလဲ၊

ဝေါ့ကင်းရှူး

ဆီကိုဖိုက်၊

အတက်ချီကော့စ်

မရှက်စတမ်း ဝန်ခံရလျှင် တွေ့စကပင် မောင်မောင့်ကို တင်မာကျော် မျက်စိကျခဲ့၏။ အသက်နှစ်ဆယ်ကျော် အရွယ်ကောင်းကလေး။ ပညာတတ်၊ ရုပ်ချော၊ နိုင်ငံခြား သင်္ဘောအင်ဂျင်နီယာ။ ချစ်သော မောင်မောင် နိုင်ငံခြားက ကားပါလာမှ ပြိုင်ဘက်ကြောင်စုတ်နှင့် မသြတို့ရှေ့မှာ တဝှီးဝှီး စီးပြဦးမည်။ တင်မာကျော်တဲ့ ဟေ့၊ စောင့်ကြည့်ကြ။

တင်မာကျော်သည် ဘဝပေး အတွေ့အကြုံ ကြွယ်ဝသူပီပီ ယောကျ်ားတို့သဘောကို နောကျေနေအောင် ကျွမ်းပြီးသား။ မောင်မောင်တို့အရွယ် မနူးမနပ် ကောင်ကလေးတို့၏ ထုံးစံအတိုင်း အချစ်မှတပါး ကိုးကွယ်စရာ မရှိဟု စာအုပ်ထဲက စကားလုံးတွေ ကိုယ်ပိုင် လုပ်ပြပါလိမ့်မည်။ ထိုအခါ တင်မာကျော် ပညာကုန် သွန်မှောက်ပြမည်။ မင်းကလေး ဘယ်ပြေးမလဲ မောင်မောင်။

"မမကို တကယ်ချစ်ရင် မောင်မောင် ကြိုးစားပြရမှာပေါ့ကွယ်။ မမ ကားစီးချင်တယ်။ ကိုယ်ပိုင်အိမ်နဲ့ နေချင်တယ်။ ပစ္စည်းမက်လို့ ပြောတာ မဟုတ်ဘူးနော်။ မမကို မောင်မောင် တကယ်ချစ်မချစ် သိချင်လို့။ တကယ်ချစ်ရိုးမှန်ရင် မဖြစ်နိုင်တာ မရှိပါဘူး မောင်မောင်"

သို့သော် တင်မာကျော်၏ အစမ်းလေ့ကျင့်ခန်းများသည် ပွဲတွေ့ ရိုက်ကွင်းတွင် တခုမှ အသုံးမဝင်ချေ။ ဆိတ်ကွယ်ရာ အရပ်တွင် မောင်မောင်နှင့် နှစ်ကိုယ်ချင်း တွေ့ကြသောအခါ မူဖို့လည်း သတိမရ။ အချိန်ဆွဲဖို့လည်း အသိမဝင်။ မောင်မောင်သည် ဆွဲငင်အားကောင်းသော သံလိုက်တုံးကြီး။


mgyoe.com

mgyoe.com

မမသည် သေးငယ်သော ပင်အပ်ကလေး။ အသိဉာဏ်သည် အထိအတွေ့၏ ဩဇာကို မတော်လှန်နိုင်တော့ချေ။

သို့ဖြင့် မေတ္တာကိုလည်း မတောင်းခံ။ လက်ထပ်ဖို့လည်း အရေးထား စကားမပြောသော မောင်မောင်နှင့် အခန်းကျဉ်းတခုတည်းမှာ အတူနေဖြစ်၊ စားဖြစ်၊ အိပ်ဖြစ်တော့သည်။

"မောင်မောင် ပီအိုင်အယ်လ်သင်္ဘောလိုင်းမှာ အလုပ်လျှောက်ထားတာ ခန့်စာ လာတော့မယ် မမရဲ့။ ဒုက္ခပါပဲဗျာ။ မမနဲ့ ချစ်စခင်စ မင်္ဂလာရက်ပိုင်းမှာမှ စီးပွားရေးအတွက် ခရီးထွက်ရဦးမယ်။ သားလေး မွေးပေးပါ မမရာ။ ဒါမှ မမ အဖော်ရမှာ။

"ဟုတ်တယ် မောင်မောင်၊ မမလဲ မောင့်မောင့်ကိုယ်ပွား သားလေးပဲ ယူချင်တယ်။ မောင်မောင် သင်္ဘောလိုက်တုန်း သားလေး ဝေယျာဝစ္စတွေ ဆောင်ရွက်ရင်း အလွမ်းဖြေရမှာပဲ"

တင်မာကျော်သည် ရင်ထဲမှာ မရှိသော အရာကို တကယ့်ရှိသလို မြင်အောင် ထင်အောင် မျက်နှာအမူအရာဖြင့် ကောင်းစွာ သရုပ်ဆောင်တတ်ပေပြီ။ အမှန်တော့ တင်မာကျော် ကလေး မလိုချင်။

သို့သော် သုံးလ လွန်လာသောအခါ တင်မာကျော် စိတ်ပူစပြုသည်။ ကိုယ်လိုရာ ကိုယ်ဆွဲတွေးပြီး ထွက်ပေါက်ရှာတတ်သော လူ့သဘာဝအတိုင်း မဟုတ်နိုင်ပါဘူး၊ ရိုးရိုး ဥပ်တာဖြစ်မှာပါဟု အားတင်းသော်လည်း စိတ်မချရဲတော့ချေ။

သံချေးက ဆေးအတုကြီးများ ထိပြီလား မသိ။ ဆရာဝန်က ကိုယ်ဝန် သုံးလ ရှိနေပြီဟု ခိုင်မာစွာ အတည်ပြုသောအခါ ကမ္ဘာမြေကြီးသည် ချာချာ လည်နေလေ၏။

လှပသော ဆရာဝန်မ၏ နှုတ်ခမ်းသိမ်မွေ့လှသည့် လေသံပျော့အိသည် တင်မာကျော်နားထဲတွင် မီးတောင်ကြီး ပေါက်ကွဲသံနှယ် အချိန်ကြာမြင့်စွာ မြည်ဟည်းနေလေသည်။

တင်မာကျော် စိန်ကတီပါစုတ် အရုပ်ကဲ့သို့ အိပ်ရာပေါ် ခွေကျ နေသည့် ရက်များအတွင်း မောင်မောင့်အတွက် အလုပ်ခန့်စာ ရောက်လာ လေသည်။ သားနားထည်ဝါလှသည့် စာအိတ်ရှည်ကြီးပေါ်တွင် သင်္ဘောလိုင်း


mgyoe.com

mgyoe.com SAMPLE BOOK
အမည် ပုံနှိပ်စာလုံးကြီးတွေနှင့်။ အတွင်းက ခန့်စာပေါ်တွင်လည်း ကျက်သရေရှိလှသော ရောင်စုံတံဆိပ်တွေ၊ ပုံနှိပ်စာတန်းတွေနှင့်။

"စတုတ္ထအင်ဂျင်နီယာ အဆင့်ကစပြီး လုပ်ရမယ်တဲ့၊ လစာ ဒေါ်လာငါးရာတဲ့ မမရဲ့"

"ဒေါ်လာငါးရာဆိုတော့ ကျပ်ငွေ ဘယ်လောက်လဲ မောင်မောင်"

"သုံးထောင့်ငါးရာလောက် ရှိမှာပေါ့ မမရဲ့ မဆိုးပါဘူး၊ မမအတွက် လစဉ်ထက်ဝက် ပြန်ပို့ခွင့်ရမှာပေါ့။ ကဲ ကားစီးရတော့မယ်။ မမကြိုက်တဲ့ အရောင် ပြောလေ။ ဒီအတွင်းမှာလည်း လူကြုံကောင်းရင် ပစ္စည်းပို့ပေးဦးမယ်။ ဒါက အရေးမကြီးဘူး မမရဲ့ အကြံအဖန် လုပ်ဖို့ ငွေသုံးသောင်းလောက် လိုတယ်။ ဆွေမျိုးတွေနဲ့လဲ မပတ်သက်ချင်ဘူး"

"အို ထောင်မြင်ရင် ရာစွန့်ရဲရမှာပေါ့ မောင်မောင်ရာ။ မမ ငွေဟာ မောင်မောင့် ငွေပဲပေါ့။ ဖြုန်းပစ်တာမှ မဟုတ်တာ၊ အလုပ်ကိစ္စအတွက်ပဲ၊ ရှိတာ အကုန်ယူ"

မောင်မောင် နိုင်ငံခြား ထွက်သွားပြီး တလခန့်အကြာတွင် ညှော်သည် တော်နှစ်ဦး ရောက်လာသည်။ မောင်မောင့်လူတွေများလား မသိ။ လက်ထဲမှာလည်း ကက်ဆက် အသစ်စက်စက်နှင့်ဆိုတော့ မောင်မောင် ပစ္စည်း ပို့လိုက်ပြီ ထင်ပါရဲ့။

"ဒါ မောင်အေးမြင့်တို့ အိမ်ပါလား ခင်ဗျာ"

"ရှင်"

"ဩော် သူ့နာမည် မောင်မောင်ချမ်းမြေ့က ဆိပ်ကမ်းကော်ပိုရေးရှင်းက မင်းစေ ခင်ဗျ။ ပင်စင်ကရုဏာကြေး တသောင်းကျော်ကို လက်မှတ်တု၊ တံဆိပ်တုတွေနဲ့ ဘဏ်က ထုတ်ယူပြီး တိမ်းရှောင်နေတဲ့ တရားခံပါ။ သူ့ကို ဒလဘက် ကမ်းမှာ ဖမ်းမိထားပါပြီ"

တင်မာကျော်သည် အသက်ပြင်းပြင်း ရှူနေသည့်ကြားကပင် ပတ်ဝန်းကျင် လေထု ပါးလျားနေသည်ကို သတိပြုမိ၏။ စိတ်လှုပ်ရှားမှု အရှိန်အဟုန် ပြင်းထန်လှသဖြင့် ဖားဖိုဆွဲသလို လှိုင်းထနေသော ရင်မို့မို့သည် ပေါက်ကွဲရန် အားယူနေဘိသကဲ့သို့ ရှိ၏။

တင်မာကျော် မျက်တောင် မခတ်တော့။


mgyoe.com

မျက်လုံးသေများအတွင်းမှ မျက်ရည်ပူများ လိမ့်ဆင်းကာ ထုံးခြောက်ရောင် နှုတ်ခမ်းပေါ် ဖြတ်သန်းစီးဆင်းသွားသည့်တိုင် အငန်ဓာတ်ကို မခံစားမိ။

"မယုံဘူး၊ ရှင်တို့ လူလိမ်တွေ၊ သူခိုးတွေ ထွက်သွားကြ။ ရှင်တို့ကို စက်တိုင်တင်မယ်။ တင်မာကျော်တဲ့နော်၊ နိုင်ငံကျော်စာရေးဆရာမကြီး ဆိုတာ မသိကြဘူးလား။ ကုလသမဂ္ဂကို တိုင်စာပို့မယ်။ ကျွန်မအဖေ ဟစ်တလာဆီကို ဖုန်းဆက်မယ်။ ဟစ်တလာဆိုတာ ရှင်တို့ ကြားဖူးကြရဲ့လားဟင်။ ကုလသမဂ္ဂ ဝန်ကြီးချုပ်ရှင့်။ မှတ်ထားကြ"

စိတ္တဇဆေးရုံ ရောက်သည်အထိ တင်မာကျော်၏ အသံနက်ကြီးသည် ပဲ့တင် ဟည်းနေလေ၏။

*သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်း၊*

*မတ်လ၊ ၁၉၈၃။*

✣



mgyoe.com

mgyoe.com SAMPLE BOOK

(၁)

ခုတလော မိသဲစိတ်တွေ တိမ်းတိမ်းပွေပွေ ဖြစ်နေသည်။

လင်မယားချင်း ကတောက်ကဆဖြစ်ရာက မခေါ်မပြော နေလာကြသည်မှာ ဟို ဆတ်ကော့လတ်ကော့မ ညိုညိုလှ မင်္ဂလာဆောင်နေ့ကတည်းက ဆိုတော့၊ အဲတော်၊ တပတ်ကြီးများတောင် ရှိပြီပေါ့။

ဖြစ်စတုန်းကတော့ သင်းမျက်နှာတောင် မကြည့်ချင်၍ ကျောပေးပြီး ရန်တွေခဲ့သည်အထိ။ ကိုယ့်ဘက်က သည်းခံခဲ့ရတာတွေ၊ လိုက်လျောခဲ့ရတာတွေကိုမှ မထောက်ထား။ ပြောစရာရှိလျှင် အင်မတန် ပက်စက်သည့်ယောက်ျား။

သူ မသိအောင် တိတ်တိတ် ခိုးဝယ်ထားသော ပါတိတ် လုံချည်ကလေးတထည်ကို ဟိုနေ့က ညိုညိုလှ မင်္ဂလာဆောင်မှာ ထုတ်ဝတ်မိသည်။ ဒါလေးအတွက်နှင့်ပဲ ယောက်ျားတန်မဲ့ မထိန်းနိုင် မသိမ်းနိုင် ဒေါသူပုန်ထရသတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK


"ဒါ ယောက်ျားကို နွားလုပ်တာကွ။ ဒီကောင် နွားလို ကုန်းရုန်းရှာသမျှ အိမ်က ထင်သလို ဖြုန်းနေတာ။ ထမင်းကို ဗယာကြော်နဲ့ စားလိုစားရ၊ ပျားဂေဟာက ငါးပိထောင်းတထုပ်နဲ့ ညမနက် ကျိတ်မှိတ် မျိုလိုမျိုရနဲ့။ လက်စသတ်တော့ ထဘီဖိုးစုပြီး ငါ့ကို မသေရုံ ကျွေးနေတာကိုး"

"အမယ်လေးတော်၊ ကြီးကျယ်လိုက်တာ"

ဟု မိသဲက ဆတ်ဆတ်ခါ နာသည်။ ရင်ထဲ ရှိသမျှတွေ ထိန်းမနိုင် သိမ်းမရ ပေါက်ကွဲကုန်ပြီး ကက်ကက်လန်အောင် ရန်တွေ့ပစ်လိုက်မိသည်မှာ စုံပါရော။

"သူကများ နွားလို ကုန်းရုန်းရှာသတဲ့။ ဘာတခုမှ လက်ကျော မတင်းတဲ့ လူစားကများ။ အိမ်ထောင်သက် တနှစ်ကျော်ပြီ၊ ခုထိ အလုပ်တခု၊ အကိုင်တခု အခြေတကျ မရှိသေးပါပဲနဲ့။ တောက်တိုမည်ရ အကြံအဖန် ကလေးတွေနဲ့ မယားလက်ထဲ ငါးကျပ်ထည့်၊ တဆယ်ထည့် ထည့်ပေးနေတာ ဟုတ်လှပြီ ထင်လို့၊ ဟင်"

ငါးပိထောင်းနဲ့ ဗယာကြော်ဖိုးတောင် အလျဉ်မမီလို့ မမငယ်တို့ အိမ်က ငါးပိရည်တောင်းပြီး ထမင်းကြမ်းတခဲနဲ့ နယ်ဖတ်စားခဲ့ရတဲ့ မိသဲ အဖြစ်ကို ရှင် မသိဘူးမဟုတ်လားဟု ရန်တွေ့ရင်း မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက် ကျလာသည်။

ရင်ထဲမှာ နင့်လည်းနင့်၊ နာလည်းနာ။ ရှိုက်ကြီးတငင် ရန်တွေ့ရင်း ကိုယ် တယောက်တည်း ဖြစ်သလို စားခဲ့ရသော မနက်စာထမင်းတွေကို ဖြစ်နိုင်လျှင် ပြန်အန်ချပြလိုက်ချင်သည်။ အိမ်ထောင်ကျကတည်းက ညပိုင်း မှသာ နှစ်ယောက်လက်ဆုံ ထမင်းစားရတတ်သည်မို့ မိသဲတို့ ထမင်းဝိုင်းမှာ ညပိုင်းတွင်သာ မြိုင်စမြဲ။

ကိုယ်တယောက်တည်း စားရမည့် မနက်စာကို ဖြစ်သလို ဗိုက်ဖြည့်ကာ ညစာအတွက်သာ အတတ်နိုင်ဆုံး ဖွယ်ဖွယ်ရာရာ စီမံလေ့ ရှိသည်။

စိတ်လိုလျှင် ငါးကလေး သားကလေး ဆီကျန်ရေကျန် ချက်ရုံမက ငါးပိရည်၊ တို့စရာကလေးပင် ဖွယ်ဖွယ်ရာရာ ပြင်တတ်ပါသေးရဲ့။ မိန်းမ ဆိုတာ ဗိုက်ဆံ အမြဲရှင်လျှင် မီးဖိုချောင်ထဲက ဘယ်ထွက်ချင်ပါလိမ့်မလဲ။


mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် မိသဲက နည်းနည်းပျင်းတာတော့ မှန်သည်။ အမေက သိမ်ကြီးဈေး စကြံအောက်မှာ ရာသီကုန်ရောင်းသူမို့ အမေ့ကို ကူရင်း သားအမိတတွေ ထမင်းဟင်းကို ကြုံသလို ၀ယ်စားပြီး နေသားကျခဲ့သည်ဖြစ်ရာ ချက်ရေးပြုတ်ရေးကို ၀န်လေးချင်တာတော့ အမှန်ပင်။ တခါတခါမှာတော့ စိတ်ထဲက ပျင်းတင်းတင်းရှိသည့်တိုင် လက်ထဲ ပိုက်ဆံရွှင်လျှင် ရွှင်သလို မီးဖိုထဲ ခွေးတလုံးလုံး ဖြစ်ရပြန်သည်။

လင်မယားနှစ်ယောက် ပုစွန်ချဉ်ကလေး သုပ်ပြီး တနပ်စာ ပြီးလိုက်ပါတော့မည် စီစဉ်ခဲ့လည်း ဈေးထဲရောက်တော့ မယ်ဇလီဖူးတွေ လှိုင်လှိုင် ပေါ်သည်နှင့် ဆုံပြန်ရာ ဟင်းခါးတခွက် ချက်ဖို့ ပြင်ရပြန်သည်။ ဈေးထဲက ပြန်ထွက်ခါနီးမှ မနေ့က ကိုမောင်ကျော် ပေးခဲ့သော ဆယ်တန်လေး ငါးရွက်မှာ တရွက်ပင် မကုန်သေးပါကလား။

စဉ်းစားကြည့်ပြန်တော့ ပုစွန်ချဉ်သုပ်နဲ့ မယ်ဇလီဟင်းခါးဆိုတာ မိန်းကလေးကြိုက်ပဲ ထင်သည်။ ကိုမောင်ကျော် ခံတွင်းမြိန်ပြီး တင်းတိမ် ပါစေတော့လို့ သူကြိုက်တတ်တဲ့ ကြက်တောင်ပံဖျား ကလေးတွေ တပုံနှစ်ကျပ် ၀ယ်သေး၏။ ကြက်တောင်ပံတွေ ကြွပ်ရွနေအောင် ကြော်ရသည်မှာ ဆီ တော်တော်ကုန်လှသည်။

သည်လို ကရိကထ ခံခဲ့တာတွေ အမှတ်အသား ထားဖော်မရ။

"ပိုက်ဆံပြတ်တော့ ရှင်ကမှ ဗယာကြော်နဲ့ ငါးပိထောင်းနဲ့ စားရ သေးတယ်။ မိသဲက ဟိုဘက်ခန်းက ငါးပိရည်တောင်းပြီး ထမင်းနဲ့ ညမနက် လူးဖတ်စားရတာ"

"ဒါတော့ မင်း အပျင်းကြီးတာကို။ ချက်ချင် ပြုတ်ချင်စိတ်မှ မရှိဘဲ။ ငါလည်း အပြင်မှာ ကြုံရဖန်ရတာပဲ။ မင်းလည်း ထမင်းဖြစ်ရုံလောက်တော့ ကြုံမှဖန်မှပေါ့ကွ။ ခုတော့ မင်း လှဖို့ပဖို့လောက်ပဲ စိတ်ကူးနေတာကိုး။ မင်း ကိုယ်မင်း အပျိုကလေးများ ထင်နေသေးသလား"

"အမယ်လေး မထင်ပါဘူးနော်၊ သိပါတယ် သိပါတယ်။ သိပ်သိတာ ပေါ့။ သူများဘာသာသူများ ထမင်းကြမ်း ယပ်ခပ်စားပြီး အေးအေးဆေးဆေး အပျိုလုပ်နိုင်ပါရက်နဲ့ ခွေးထက်မိုက်လို့ ရှင်နဲ့ ညားမိတာကို။ ဟီး ဟီး"

ပြောရင်းပြောရင်း ကိုယ့်ဘာသာ ရင်ထဲ နင့်သွားကာ ဟီးချငိုမိသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ငိုစရှိလျှင်လည်း ငိုမဆုံးချင်တော့။ ဝမ်းနည်းစရာတွေ၊ ကြေကွဲစရာတွေကို တစိမ့်စိမ့် တွေးပြီးရင်း တွေးကာ ရင်ထဲမှာ နာသည်ထက် နာသည်။

နာပြီဆိုတော့လည်း သည်ပြဿနာအစ ပါတိတ်လုံချည်ကိစ္စကိုက နာစရာ ဖြစ်လာ၏။

ကြည့်။

လက်ငင်းဝယ်နိုင်လျှင် ရှစ်ဆယ့်ငါးကျပ်သာ တန်သည့် ခုတင်ပါတိတ်ကို သုံးလပေးစနစ်နှင့် တလလေးဆယ် ဆပ်ကာ တရာ့နှစ်ဆယ်ကြီးများ ပေး၍ ဝယ်ရသည့်အဖြစ်။

ဒါ သင်းကြောင့် မဟုတ်လို့ ဘယ်သူ့အပြစ် ပုံချချင်သေးသလဲ။

သူသာ ဟိုတုန်းကလို ရပေါက်ရလမ်း ဖြောင့်လျှင် ဘယ် သည်လို ခုတင်ပါတိတ်ကို မတန်တဆပေးပြီး ကြွေးတင်ခံ ဝယ်လိမ့်မလဲ။

ဝတ်ချင်တာပေါ့။ ပင်္ဂတို့၊ အိတ်တီဝမ်းတို့။ သည်ခေတ်ကြီးမှာ မိန်းမမှန်လျှင် ဒါမျိုး တစုံလောက်တော့ ခါးပေါ်တင်ကြသည်ချည်း။

မိသဲတို့မှာသာ ခုတင်ပါတိတ်ကို အိတ်တီဝမ်းဆင်မျိုး ခပ်ဆန်းဆန်း ရှာကြံပြီး အကြွေးခံ ဝတ်နေရခြင်း ဖြစ်သည်။ ဒါတောင် သူများတကာလို ထဘီ အင်္ကျီတစုံစာ ဝမ်းဆက် မဝတ်နိုင်။

အထည် လပေးရောင်းသူ မမကြီးကလည်း ထဘီစတွေကို လေးတောင်မိုက်လျော့ ဖြတ်ထားပြီးသား။ ထဘီတထည်စာ ရသည်ဆိုရုံကလေး ရှိသည်။ ဒါကို သုံးလပေး စနစ်နှင့် တလလေးဆယ် တရစ်ပဲ သွင်းရသေးသည်။ လကုန်လျှင် လေးဆယ်စုမိဖို့ ခြစ်ခြစ်ခြုတ်ခြုတ် ခြိုးခြံရပြန်တော့လည်း ဟောကြည့်၊ အိမ်တွင်းရေး ပဋိပက္ခ ဖြစ်လာသည်။ လင်ကို မသေရုံ ကျွေးသလေး ဘာလေးနှင့် လင်မယားချင်း စိတ်ဝမ်းမကွဲစဖူး ကွဲရပြီ။

ကိုယ့်မယားကိုတောင်မှ ဝတ်စေစားစေချင်တဲ့ စိတ်၊ လှစေပစေချင်တဲ့စိတ် တဆိတ်ကလေးမှ မရှိနိုင်တဲ့လူစား။ စေတနာ ခေါင်းပါးတဲ့ ယောကျ်ား။

“မင်းကိုယ်မင်း အပျိုကလေးများ ထင်နေသလား” တဲ့။

ဒါ မိသဲကို သက်သက် ‘ချိုး’တာပဲ။ အားနည်းချက်ကို ဆိတ်ဆွတာပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

"ခုတော့ ရှင်က ပြောရက်ပြီပေါ့လေ"

ဟု ရှင်လုံး၊ ကျွန်မလုံးတွေ ရိုက်ကာ ချုံးပွဲချ ငိုလိုက်မိသည်။

ကိုယ့်ထက် လေးငါးခြောက်နှစ်မက အသက်ကြီးသူမို့ ဟိုတုန်းကတည်းက 'အစ်ကိုမောင်ကျော်' ဟု ခေါ်ခဲ့ရာ လင်မယားဘဝ တနှစ်ကျော်ကာလရောက်တော့ 'ကိုမောင်ကျော်' ဟု အတိုချုပ်လိုက်သည်။ သို့သော် အစ်ကိုကြီးအရွယ်ကို အလေးစားမပျက် ရှိဆဲ။ 'ကိုမောင်ကျော်က၊ မိသဲက' စသည်ဖြင့် နှစ်လိုဖွယ် နှုတ်ကျိုးမြဲ။

ခုလို စကား ကတောက်ကဆ မဖြစ်စဖူး ဖြစ်တော့မှ မဆင်ခြင် မစဉ်းစားနိုင်တော့ဘဲ ရှင်လုံး၊ ကျွန်မလုံးတွေ ရိုက်ကာ ရင့်ရင့်သီးသီး ရန်တွေ့ပစ်လိုက်မိသည်။ အပျို မဟုတ်တော့တာနှင့်ပဲ အလှအပ မကြိုက်ရတော့ဘူးတဲ့လား။ ကစုတ်ကဖတ် နေပစ်ရတော့မယ်တဲ့လား။

ဟိုတုန်းက မိသဲ အပျိုတုန်းကတော့ သင်းပါးစပ်က မိသဲလှတာကိုပဲ တဖွဖွ ချီးမြှောက်မဆုံး ရှိခဲ့ဖူးသည်။

အထည်ဆန်းကလေးများ ပေါ်တိုင်း အမေ့ကို နားပူနားဆာတိုက်ပြီး ခါးပေါ် တင်ဖြစ်အောင် တင်ကာ သိမ်ကြီးဈေးစကြံ လူစည်ချိန်မှာ လမ်းသလားတတ်ခဲ့စဉ်က သင်းပဲ လှတယ်လှတယ်နှင့် စခဲ့သည့် ဇာတ်လမ်း။

မျက်ရည်ဖြိုင်ဖြိုင်ကျရင်း ဇာတ်လမ်းအစကို စိတ်နာနာနှင့် တမ်းတသည်။

*

"မိသဲနော်၊ တော်ရုံပဲ လှချင်။ ညည်းကိုညည်း အပျိုကြီးများ မှတ်နေလား"

စကတ်ဂါဝန် ချွတ်စကတည်းက ထစ်ခနဲ ရှိလျှင် ကြိမ်းတတ်သည့် အမေ့ လက်သုံးစကား။ ဂါဝန်တွေ၊ စကတ်တွေ ခြေသလုံးပေါ် မဝတ်ရတော့ဟု ပညတ်ကာ ထဘီ ဝတ်စေခဲ့တာလည်း အမေ။

ထဘီ ဝတ်ရကောင်းမှန်း သိလာပြီး ခေတ်ပေါ်ပါတိတ်တွေ ဝမ်းဆက်ဝမ်းဆက် ချုပ်ချင်တတ်လာပြန်တော့လည်း သည်အမေပဲ တငြိုငြို တငြင်ငြင် ဖြစ်ပြန်သည်။


mgyoe.com